# မြန်မာ့
# အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှု

## ပစ္စုပ္ပန်အခြေအနေကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အနာဂတ်လုပ်ငန်းများကို ပံ့ပိုးပေးနိုင်မည့် မူဘောင်

အောက်တိုဘာလ၊ ၂၀၂၂ ခုနှစ်

အမှီအခိုကင်းသော
သုတေသန
ကွန်ရက်

ဤစာမျက်နှာအား သီးသန့် ချန်လှပ်ထားခြင်း ဖြစ်ပါသည်။

# မာတိကာ


အစီရင်ခံစာ အနှစ်ချုပ်........ ၁
နိဒါန်း........ ၄
မြန်မာနိုင်ငံ၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု........ ၄
မြန်မာနိုင်ငံ၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအား အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း........ ၅
အပိုင်း (၁) တွေ့ရှိချက်များ........ ၇
CDMer များ၏ ကိုယ်တိုင်နားလည်ရှုမြင်မှုများ - CDMer များဆိုတာ ဘယ်သူတွေလဲ၊ ၎င်းတို့ရဲ့ ပန်းတိုင်တွေက ဘာတွေလဲ........ ၈
စိန်ခေါ်မှုများ - လုံခြုံရေး၊ စားဝတ်နေရေး၊ အဆက်အသွယ်ပြတ်တောက်မှု........ ၉
CDM အတွင်းမှ ကွဲပြားမှုများ........ ၁၂
“အမာခံ” CDM သမားများနှင့် “လုပ်ငန်းခွင်ပြန်ဝင်သွားသူများ” နှင့် Non-CDMers များအကြား ကွဲပြားမှု........ ၁၃
ပြည်တွင်းရှိ CDMers နှင့် ပြည်ပရောက် CDMers........ ၁၅
CDM အတွင်းရှိ လူမျိုးနှင့် ဘာသာစကား ကွဲပြားမှုများ........ ၁၇
လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဘက်ပြောင်းမှု - ပမာဏသေးငယ်သော်လည်းဘဲ အရေးကြီးသော အစုအဖွဲ့........ ၁၈
ရှိနှင့်ပြီးသော ပံ့ပိုးမှုများ........ ၂၀
CDMers များအတွက် ရန်ပုံငွေရှာဖွေခြင်း........ ၂၀
ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အစပျိုးမှုများ- အောင်မြင်မှုများနှင့် ဆုတ်ယုတ်မှုများ........ ၂၀
အစားထိုးအုပ်ချုပ်ရေးယန္တရားများ - အမျိုးသားညီညွတ်ရေးအစိုးရ၏ အခန်းကဏ္ဍ ၂၂
အစားထိုးအုပ်ချုပ်ရေးယန္တရားများ - တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ........ ၂၃
CDM ၏ မလိုလားအပ်သော အကျိုးဆက်များ........ ၂၄
အပိုင်း (၂) အနာဂတ်အတွက် မူဘောင်........ ၂၆
CDM ရန်ပုံငွေရှာဖွေခြင်း........ ၂၇
မဟာဗျူဟာ၊ ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းစေခြင်း........ ၂၉
တပ်မတော်ဘက်ပြောင်းလာမှုကို အားပေးပြီး တပ်မတော်ကို အားနည်းစေခြင်း........ ၃၀
နိုင်ငံခြားအစိုးရများနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း........ ၃၂
နည်းစနစ်အသစ် - ထိန်းချုပ်မရသောဗျူရိုကရေစီ ဖန်တီးခြင်း........ ၃၄
ကိုးကားချက်များ........ ၃၆

# အစီရင်ခံစာ အနှစ်ချုပ်

မြန်မာ့အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) သည် စစ်အာဏာရှင်တော်လှန်ရေး၏ ရှေ့ပြေး ဖြစ်ပြီး ပြည်တွင်းရောပြည်ပတွင်ပါ အကြီးအကျယ်ရေပန်းစားနေဆဲဖြစ်သည်။ CDM ၏ အဓိကဇာတ်ကောင်များ မှာ (၂၀၂၁) ခုနှစ် ဖေဖော်ဝါရီ (၁) ရက်နေ့ အာဏာသိမ်းပြီးနောက် သိန်းနှင့်ချီသောပြည်သူ့ဝန်ထမ်းများက အလုပ်ဆက်လုပ်ရန် ငြင်းဆန်ခဲ့ကြခြင်းဖြင့် စတင်ဖြစ်တည်ခဲ့သော ပြည်သူ့ဝန်ထမ်းသပိတ်ကြီးဖြစ်သည်။ CDM လှုပ်ရှားမှုသည် တစ်နိုင်ငံလုံးကို ရပ်တန့်သွားစေခဲ့ပြီး စစ်အာဏာရှင်တို့အပေါ် မတည်ငြိမ်မှုများ ရုတ်ချည်း သက်ရောက်စေခဲ့သည်။ သို့သော်လည်း ယနေ့အချိန်အထိ CDM လှုပ်ရှားမှု၏ စစ်မှန်သော ပန်းတိုင်များ၊ ပါဝင်သူများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် CDM လှုပ်ရှားမှု၏ ပန်းတိုင်များပြည့်မီစေရန် အနာဂတ်တွင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သော သုတေသနပြုမှုအနည်းငယ်မျှသာ ရှိသေးသည်။ ဤစာတမ်းသည် အဆိုပါကိစ္စရပ်သုံးခုကို စတင်ရှင်းလင်းတင်ပြနိုင်ရန် ကြိုးပမ်းမှုဖြစ်သည်။

ယခုစာတမ်းအတွက် ကျွန်ုပ်တို့သည် တွေ့ဆုံမေးမြန်းမှုပေါင်း (၄၀) ကျော်ကို ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့တွင် CDM လှုပ်ရှားမှုတွင် ပါဝင်သူများ (CDMers)၊ အမျိုးမျိုးသော CDM ထောက်ခံသူများ (ဥပမာ၊ ရန်ပုံငွေ ရှာဖွေသူများနှင့် ရပ်ရွာလူထုဦးဆောင်စည်းရုံးသူများ)၊ တာဝန်ထမ်းဆောင်ဆဲ အရပ်ဘက်ဝန်ထမ်းများ (Non-CDMers) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ CDM အောင်မြင်ရေးကော်မတီ၏ တာဝန်ခံတစ်ဦးတို့ပါဝင်ပါသည်။ သတင်းစာဆောင်းပါးများ၊ ထုတ်ပြန်ချက်များ၊ NUG နှင့် စစ်အာဏာရှင်တို့၏ သတင်းထုတ်ပြန်ချက် တို့ကိုလည်း ဆန်းစစ်လေ့လာပါသည်။ ဤစာတမ်းအနှစ်ချုပ်တွင် အဓိကတွေ့ရှိချက်လေးခုနှင့် နွေဦးတော်လှန်ရေး အထူးသဖြင့် CDM လှုပ်ရှားမှု၏အောင်မြင်မှုကို သေချာစေရန်အတွက် အရေးကြီးသည်ဟု ကျွန်ုပ်တို့ယုံကြည်သော အဆင့်ငါးဆင့်ကို တင်ပြထားပါသည်။

အဓိကတွေ့ရှိချက်များ -

၁။ **CDMers များသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးနှင့် ရည်ရွယ်ချက် ရှိသောဘဝများဖြစ်ရန် အလွန်အမင်းတောင့်တနေကြပါသည်။** ကျွန်ုပ်တို့ ဆက်သွယ်မေးမြန်း ခဲ့သော CDMer တိုင်းသည် စားဝတ်နေရေးပြေလည်ရေးအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပြီး အများအပြားသည် စားစရာအလုံအလောက်ရရှိရန်ပင် ရုန်းကန်နေရပါသည်။ အလုပ်ခန့်အပ်ခြင်း ခံရသည့်တိုင် ၎င်းတို့၏ အလုပ်သစ်များသည် ရေရှည်အသက်မွေးဝမ်းကြောင်းအတွက် လုံလောက်မှု မရှိသည်ကို တွေ့ရသည်။ CDMers များသည် စွမ်းရည်မြင့်ပြီး လေ့ကျင့်မှုပြည့်ဝသော အစုအဖွဲ့ ဖြစ်သော်လည်းဘဲ ၎င်းတို့၏ကျွမ်းကျင်မှုများနှင့် သက်ဆိုင်ခြင်းမရှိသော ကြုံရာအလုပ်များကို လုပ်နေကြရသည်။ ထို့အပြင် CDM လှုပ်ရှားမှု သို့မဟုတ် တော်လှန်ရေးတစ်ခုလုံးအတွက် ရှင်းလင်း ပြတ်သားသော "နောက်တစ်ဆင့်" မရှိပါက CDMers များသည် ၎င်းတို့တွင် ရေရှည်ပန်းတိုင်မရှိဟု ခံစားနေရပါသည်။

၂။ **ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ (PABs) သည် CDMers များကို အလုပ်တာဝန်များပေးအပ် နိုင်ပြီး ၎င်းတို့၏ကျွမ်းကျင်မှုများကို အခြားအဖွဲ့အစည်းများ (သို့) စီးပွားရေးလုပ်ငန်းများထက် ပိုမိုထိရောက်စွာ အသုံးချနိုင်သည်။** CDMers များသည် အများအားဖြင့် အစိုးရဝန်ဆောင်မှုများ ပေးဆောင်ရန် သို့မဟုတ် အစိုးရဝန်ဆောင်မှုများအား စီမံခန့်ခွဲရန် လေ့ကျင့်သင်ကြားထားကြသည်။ အချို့သော CDMers များသည် အခြားကဏ္ဍများတွင် ယာယီလုပ်ကိုင်နေကြသော်လည်းဘဲ ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့များတွင် ပါဝင်လုပ်ကိုင်နေကြသော CDMers များက အခြားကဏ္ဍများတွင် အလုပ်လုပ်နေသော (သို့) အလုပ်လက်မဲ့ဖြစ်နေသော CDMers များထက် ၎င်းတို့၏ ဘဝသည် ရည်ရွယ်ချက်ပိုမိုရှိသည်ဟု ခံစားရကြောင်းသိရသည်။ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များသည် တော်လှန်ရေးအလွန် ဖြစ်ပေါ်လာနိုင်သော

မြန်မာနိုင်ငံကိုဖော်ပြနေသည့် အရေးကြီးသော အခွင့်အလမ်းတစ်ခုဖြစ်သောကြောင့် အခြားကဏ္ဍများတွင် ယာယီအလုပ်အကိုင်များ လုပ်ကိုင် နေခြင်းထက် "အနာဂတ်" နှင့်ပတ်သက်ပြီး ပိုမိုခိုင်မာသော ခံစားချက်ကို ဖြစ်ပေါ်စေပါသည်။

၃။ **CDM လှုပ်ရှားမှုအတွင်းနှင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူ့ဝန်ထမ်းများအကြားရှိ ကွဲပြားမှုများအား ယခုကာလတွင် လျော့ပါးစေရန် လုပ်ဆောင်ခြင်းမရှိပါက တော်လှန်ရေးအပြီးတွင် ပြဿနာတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။** CDM အတွင်းရှိ အပြင်းထန်ဆုံးသော ကွဲပြားမှုများမှာ- (က) မြန်မာနိုင်ငံအတွင်း ကျန်နေသူများနှင့် နိုင်ငံတွင်းမှ ထွက်ပြေးသွားသူများ၊ (ခ) အငယ်တန်းပြည်သူ့ ဝန်ထမ်းများနှင့် ပိုမိုထင်ရှားသော နိုင်ငံရေးသမားများ (သို့) အဆင့်မြင့်အရာရှိများ၊ (ဂ) "လွတ်မြောက် နယ်မြေ" တွင် ရောက်ရှိနေသူများနှင့် စစ်အစိုးရထိန်းချုပ်ထားသောနယ်မြေများမှ CDM ပါဝင်သူများဖြစ်ကြသည်။ ပြည်သူ့ဝန်ထမ်းလုပ်ငန်းတစ်ခုလုံးတွင်မူ ဆက်လက်ဖြစ်ပေါ်နေမည့် အကြီးမားဆုံးသော သဘောထားကွဲလွဲမှုမှာ CDMers များနှင့် CDM လှုပ်ရှားမှုတွင် မပါဝင်သူများ (non-CDMers) များအကြားပင် ဖြစ်သည်။ ဤကွဲပြားမှုများအား ပြန်လည်ပေါင်းကူးခြင်းသည် NUG နှင့် ၎င်း၏ ထောက်ခံသူများအတွက် အရေးတကြီးဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ဖြစ်ပါသည်။

၄။ **စစ်သားများ၏ CDM ပါဝင်ရသည့်အကြောင်းရင်းများသည် အရပ်ဘက်ဝန်ထမ်းများနှင့် တူညီလေ့မရှိပါ။** လူမှုရေးဖိအားများအပြင် နိုင်ငံရေးခံယူချက်ကြောင့် အရပ်ဘက်ဝန်ထမ်း အများအပြားသည် CDM သို့ ဝင်ရောက်ခဲ့ကြသည်။ သို့သော် ရဲနှင့်စစ်သားများအတွက် CDM ပါဝင်ရန် ကြီးမားသော လူမှုရေးဖိအားများမရှိဘဲ နိုင်ငံရေး (သို့) ကျင့်ဝတ်ဆိုင်ရာယုံကြည်ချက်များ ကြောင့်ဖြစ်ကြောင်း တွေ့ရသည်။

နောက်အဆင့်များ -

၁။ **NUG သည် CDMers များအတွက် ရရှိနိုင်သောရန်ပုံငွေများနှင့် ၎င်းတို့လက်လှမ်းမီနိုင်သော အခြားသောပံ့ပိုးကူညီမှုစနစ်များ (ပြည်သူ့အုပ်ချုပ်ရေးဖွဲ့ကဲ့သို့) နှင့်ပတ်သက်၍ ရှင်းလင်းစွာ ဆက်သွယ်ပြောဆိုသင့်ပါသည်။** လှုပ်ရှားမှုသည်ကြီးမားလွန်းသဖြင့် NUG တွင် CDMer အယောက်စီတိုင်းကိုပံ့ပိုးရန် ရန်ပုံငွေအလုံအလောက်မရှိပါ။ တစ်ချိန်တည်းမှာပင် CDMers များသည် ၎င်းတို့ကိုယ့်ကိုကိုယ်ပံ့ပိုးနိုင်ပြီး ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့နှင့် အခြားသောလူမှုအခြေပြု အဖွဲ့အစည်းများမှတဆင့် အဓိပ္ပာယ်ပြည့်ဝသောအလုပ်များတွင် ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများရှိသော်လည်းဘဲ မည်သို့ပူးပေါင်းရမည်ကို မသိသော CDMers များရှိနိုင်ပါသည်။ NUG အနေဖြင့် အဆိုပါချိတ်ဆက်မှုများကို ပိုမိုလွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးနိုင်သည်။

၂။ **CDM သည် ပိုမိုဗဟိုချုပ်ကိုင်မှုရှိသော မဟာဗျူဟာနှင့် ဖွဲ့စည်းပုံရှိခြင်းဖြင့် အကျိုးရှိနိုင်မည်။ ဗဟိုချုပ်ကိုင်မှုမရှိသည့် လှုပ်ရှားမှုဖြစ်ခြင်းက CDM လှုပ်ရှားမှု၏ အားသာချက်များထဲမှတစ်ခု ဖြစ်သည်။** ဗဟိုချုပ်ကိုင်မှုမရှိသော လှုပ်ရှားမှုများသည် ဗဟိုချုပ်ကိုင်မှုရှိသော လှုပ်ရှားမှုများထက် ရပ်တန့်ရန် ပိုမိုခက်ခဲပါသည်။ သို့သော်လည်း စီမံအုပ်ချုပ်သောအဖွဲ့ (သို့) သတင်းအချက်အလက် အရင်းအမြစ် ဗဟိုချက်များ မရှိခြင်းက ရှေ့ဆက်တိုးရန်အတွက် ရှုပ်ထွေးမှုများဖြစ်ပေါ်စေပါသည်။ CDMers များအနေဖြင့် အလုပ်သမားသမဂ္ဂများ (ဥပမာ ယာယီခေါင်းဆောင်အား မဲပေးရွေးချယ်ခြင်း အတွက်) တွင် အသုံးပြုသော အဖွဲ့အစည်းဆိုင်ရာမဟာဗျူဟာများကို အသုံးချခြင်းဖြင့် အဖွဲ့စည်းလုံး ညီညွတ်မှုကိုတိုးမြင့်စေပြီး ပိုမိုရှင်းလင်းပြတ်သားသော မဟာဗျူဟာစီမံချက်များချမှတ်နိုင်ရန် အထောက်အကူပြုနိုင်ပါသည်။

၃။ **စစ်သားနှင့်ရဲ ဘက်ပြောင်းလာမှုနှင့် အဆင့်မြင့်အရာရှိနုတ်ထွက်မှုများ တိုးမြင့်လာစေရန် ဆန်းသစ်သောနည်းလမ်းများ ရှာကြံအကောင်အထည်ဖော်ရန်ဖြစ်သည်။** ဩစတြေးလျနိုင်ငံသည် ဘက်ပြောင်း

သွားသော စစ်သားများအား ခိုလှုံခွင့်ပေးနေပြီဖြစ်သည်။ ပြည်သူ့ရင်ခွင်နှင့် ပြည်သူ့ ပန်းတိုင်ကဲ့သို့သောအဖွဲ့များသည် စစ်သားများ၏ မိသားစုများကိုပံ့ပိုးပေးပြီး ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပြီး ဘက်ပြောင်းမှုကို ကူညီပေးနေပါသည်။ ဤဗျူဟာများကို ချဲ့ထွင်ပြီး စစ်သည်ကျင့်ဝတ်များကို ဦးတည်သော ဝါဒဖြန့် လှုံ့ဆော်မှုများ (လူမှုပြစ်ဒဏ်ပေးခြင်းကဲ့သို့သော လူမှုရေးဖိအားများထက်) နှင့် တွဲဖက်လုပ်ဆောင် သင့်သည်။

၄။ **CDMers များ ဦးဆောင်သောအဖွဲ့အစည်းများသည် NGO နှင့် CSO များအနေဖြင့် ရပ်တည်ရန် စဉ်းစားသင့်သည်။** နိုင်ငံခြားအစိုးရများနှင့် အကူအညီပေးရေးအဖွဲ့အစည်းများသည် NUG သို့မဟုတ် ၎င်း၏ဌာနများသို့ ရန်ပုံငွေ တိုက်ရိုက်မပေးနိုင်ပါ။ ထို့အတွက်ကြောင့် CDM ပံ့ပိုးကူညီမှု အဖွဲ့များ အနေဖြင့် နိုင်ငံခြားရန်ပုံငွေများရရှိနိုင်ရေးနှင့် အာဏာသိမ်းပြီးနောက်ပိုင်းအခြေအနေနှင့် ပိုမိုလိုက်လျောညီထွေမှု ရှိနိုင်ရေးအတွက် (NUG) အစိုးရနှင့်သက်ဆိုင်သောဌာနများကဲ့သို့ ရပ်တည်ခြင်းထက် လူမှုအခြေပြုအဖွဲ့အစည်းများကဲ့သို့ ပြောင်းလဲရပ်တည်ခြင်းကို ထည့်သွင်း စဉ်းစားရန် ဖြစ်သည်။

၅။ **CDMers များအနေဖြင့် အကြမ်းမဖက်အာဏာဖီဆန်ရေးနည်းစနစ်အသစ်များကို ထည့်သွင်း အသုံးချရန်ဖြစ်သည်။** Nonviolence International[၁]၊ the International Center on Nonviolent Conflict[၂] နှင့် CANVAS[၃] တို့မှ ပံ့ပိုးပေးသောအရင်းအမြစ်များကို စတင်စမ်းသပ်အသုံးချ၍ CDMers များသည် အာဏာသိမ်းမှုကို ဆန့်ကျင်သော non-CDMers များနှင့်ပူးပေါင်းပြီး အကြမ်းမဖက်သော အာဏာဖီဆန်ရေးလှုပ်ရှားမှုအား ပြန်လည်အားဖြည့်ရန်ဖြစ်သည်။ ဤနည်းပရိယာယ်များအား စစ်အစိုးရသည် မတည်မငြိမ်ဖြစ်နေကြောင်း ပုံဖော်ရန်၊ အားနည်းပြီး အကွဲအပြဲဖြစ်နေသော စစ်တပ်ဖြစ်လာစေရန်နှင့် စစ်တပ်အား အကျိုးပြုသည့် စီးပွားရေးလုပ်ငန်းများကို ပျက်စီး (သို့) နှောက်ယှက်ရန်အတွက် အသုံးပြုနိုင်သည်။

၁ https://www.tactics.nonviolenceinternational.net/
၂ https://www.nonviolent-conflict.org/resource/civil-resistance-tactics-in-the-၂၁st-century/
၃ https://canvasopedia.org

# နိဒါန်း

## မြန်မာနိုင်ငံ၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု

အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement-CDM) သည် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုအပြီး ပေါ်ပေါက်လာသည့် ပထမဆုံးသော လူထုအာဏာဖီဆန်ရေး လှုပ်ရှားမှုဖြစ်ပြီး လက်ရှိအချိန်အထိ ကြံ့ကြံ့ခံရပ်တည်ရှင်သန်နေသည်။ အစိုးရဆေးရုံများ၊ ဆေးဘက်ဆိုင်ရာ အင်စတီကျူများနှင့် COVID-19 စစ်ဆေးရေးဌာနများတွင် အလုပ်လုပ်နေသော ကျန်းမာရေးဝန်ထမ်းများသည် အာဏာသိမ်း ပြီးနောက်တစ်ရက်တွင် ၎င်းတို့၏အလုပ်မှနုတ်ထွက်ခြင်းဖြင့် ဤလှုပ်ရှားမှုသည် ပြည်သူ့ဝန်ထမ်းများ၏သပိတ် အဖြစ်စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ လှုပ်ရှားမှုသည် အရှိန်အဟုန်ဖြင့် လျင်မြန်စွာကြီးထွားလာခဲ့ပြီး အစိုးရကျောင်းများနှင့် တက္ကသိုလ်များတွင် အလုပ်လုပ်ကိုင်နေသော ဆရာများအပါအဝင် အစိုးရနှင့်ပုဂ္ဂလိက ကဏ္ဍနှစ်ခုလုံးမှ ဝန်ထမ်းများပါဝင်သော အထွေထွေသပိတ်ကြီးအဖြစ် ပြောင်းလဲသွားခဲ့သည်။ လမ်းပေါ်ထွက် ဆန္ဒပြမှုများ၊ သပိတ်မှောက်ခြင်း၊ အခွန်ပေးရန်ငြင်းဆန်ခြင်းနှင့် လမ်းများကို ပိတ်ဆို့တားဆီးခြင်းကဲ့သို့သော တိုက်ရိုက်အာဏာဖီဆန်သောလုပ်ဆောင်မှုများအပါအဝင် အာဏာသိမ်းမှုဆန့်ကျင်ရေးအကြမ်းမဖက်လှုပ်ရှားမှု တိုင်း အတွက် “CDM” ကမ်ပိန်းဟု မြန်မာနိုင်ငံတွင် အတိုကောက်အဖြစ် အသုံးပြုလာခဲ့ကြသည်။ သို့သော် ယခုစာတမ်း၏ အဓိကဦးစားပေးလေ့လာမှုမှာ CDM ၏ မူလမဏ္ဍိုင်ဖြစ်သော ထောင်ပေါင်းများစွာသော ပြည်သူ့ဝန်ထမ်းများ၏ အလုပ်မှထွက်ခွာခြင်းနှင့် ထိုလုပ်ဆောင်ချက်၏ နောက်ဆက်တွဲအကျိုးဆက်များဖြစ်သည်။

ယခုစာတမ်းအတွက် ထိုင်းနိုင်ငံတွင်ကွင်းဆင်းလေ့လာခြင်းအပါအဝင် အွန်လိုင်းနှင့်လူတွေ့မေးမြန်းမှု (၄၀) ကျော်ကို ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုတွင် ပြည်တွင်းပြည်ပတွင် အခြေစိုက်နေကြသော ဝန်ကြီးဌာနငါးခုကျော်မှ အငယ်တန်းနှင့် လုပ်သက် နှစ် (၂၀) ကျော်ရှိသော အလယ်အလတ်အရာရှိများပါဝင်ကြသည်။ CDM ပြည်သူ့ ဝန်ထမ်းများ (မြန်မာနိုင်ငံတွင် CDMers ဟုရည်ညွှန်းသည်) သာမက စစ်တပ်ကထိန်းချုပ်ထားသော ပြည်သူ့ အုပ်ချုပ်ရေးအောက်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသူများလည်း ပါဝင်ကြသည်။ ထို့အပြင် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) အပါအဝင် CDM များအား ငွေကြေး သို့မဟုတ် အခြားပံ့ပိုးကူညီသူများ သာမက CDM လှုပ်ရှားမှုအပေါ် ဝေဖန်ပြောဆိုသူများကိုလည်း မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူအများစုမှာ သုတေသီများ၏ အဆက်အသွယ်များနှင့် CDM လှုပ်ရှားမှုတွင်ပါဝင်သူများမှတဆင့်ခံချိတ်ဆက်ဆက်သွယ်ထားခြင်းဖြစ်သည်။ မေးခွန်းများသည် CDM လှုပ်ရှားမှုနှင့် ရည်ရွယ်ချက်များ၊ လှုပ်ရှားမှုများ၏သက်ရောက်မှုနှင့် စစ်တပ်၏ တုံ့ပြန်မှုများ၊ CDMers တဦးချင်းဆီ ရင်ဆိုင်ရသည့် ပြဿနာများ နှင့် စိန်ခေါ်မှုများ၊ လှုပ်ရှားမှု၏ နည်းဗျူဟာနှင့် ပံ့ပိုးမှုအပေါ် အမြင်များနှင့် လှုပ်ရှားမှုပိုမိုအားကောင်းစေရန် အကြံပြုချက်များကို ဦးတည်မေးမြန်းထားပါသည်။ ထို့အပြင် အကြမ်းမဖက်အာဏာဖီဆန်ရေးနှင့် အစိုးရအပြောင်းအလဲမဟာဗျူဟာများဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦး၏ အကြံဉာဏ်ကိုလည်း ယခုစာတမ်းအတွက် ရယူခဲ့ပြီး အနာဂတ်လုပ်ဆောင်ချက်များအတွက် ရည်ရွယ်သော ကျွန်ုပ်တို့၏ မူဘောင်ကို ရေးသားပြုစုထားခြင်းဖြစ်သည် (အပိုင်း ၂ တွင် ဖော်ပြထားပါသည်)။

CDMers များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအပေါ် ရှုမြင်ပုံနှင့် ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်များကို မည်သို့ဖော်ပြကြသည်ကို ဦးစွာဖော်ပြထားပါသည်။ ၎င်းတို့၏ မကျေနပ်မှုများနှင့် ၎င်းတို့ရင်ဆိုင်နေရသည့် CDM တွင် ပါဝင်ခြင်းအတွက် ကြုံတွေ့ရသည့် အတားအဆီးများ နှင့် အာဏာသိမ်းမှု ဒုတိယနှစ်အတွင်းရောက်ရှိလာချိန်တွင် ပေါ်ပေါက်လာသော အခက်အခဲများကိုလည်း ဖော်ပြထားသည်။ CDM အတွင်းတွင် သဘောထားကွဲလွဲမှုများလည်းရှိနေသည်။ CDMers ကိုယ်တိုင်က အဆိုပါကွဲလွဲမှုများကို ထုတ်ဖော် ပြောဆိုကြပြီး အဆိုပါအခြေအနေများကို ပြေလည်အောင်ဖြေရှင်းနိုင်ရန် လုပ်ဆောင်ရမည့်အရာများကိုလည်း အကြံပြုခဲ့ကြသည်။ လုံခြုံရေးကဏ္ဍရှိ CDMers များ၏ ဘက်ပြောင်းမှုသည် CDM

လှုပ်ရှားမှု အောင်မြင်ရေး အတွက် အရေးကြီးကြောင်း ကျွန်ုပ်တို့သဘောတူ လက်ခံထားသော်လည်းဘဲ ၎င်းတို့ ဘက်ပြောင်းရခြင်း၏ ရည်ရွယ်ချက်များသည် အရပ်ဘက်ဗျူရိုကရေစီရှိ ပြည်သူ့ဝန်ထမ်းများ၏ ရည်ရွယ်ချက်များနှင့် ကွဲပြားမှု ရှိနေသည်။ ထို့အတွက်ကြောင့် လုံခြုံရေးကဏ္ဍမှ ဘက်ပြောင်းလာသူများကို စည်းရုံးရာတွင် အရပ်ဘက်ကဏ္ဍနဲ့ မတူညီသောနည်းပရိယာယ်များကို အသုံးချရန်လိုအပ်သည်။

ကျွန်ုပ်တို့၏တွေ့ရှိချက်များနှင့် သုံးသပ်မှုများကိုတင်ပြပြီးနောက်တွင် အနာဂတ်လုပ်ဆောင်မှုကို ပိုမိုအားကောင်းလာစေရန်အတွက် လမ်းညွှန်မှုဘောင်တစ်ရပ်ကို အကြံပြုဖော်ပြထားပါသည်။ မူဘောင်ကို အပိုင်းငါးပိုင်းခွဲထားပြီး တစ်ခုချင်းစီက ကျွန်ုပ်တို့၏ “တွေ့ရှိချက်များ” ကဏ္ဍတွင် ဖော်ပြထားသည့် မတူညီသော စိန်ခေါ်မှုကို ဖြေရှင်းပေးရန်သည်။ အပြင်းထန်ဆုံးသောစိန်ခေါ်မှုဖြစ်သော အလုပ်လက်မဲ့ဖြစ်နေသည့် CDMers များကို ထောက်ပံ့ရန်ရန်ပုံငွေမရှိခြင်းမှ စတင်ထားပါသည်။ ထို့အနောက် CDMers များ၏ အနာဂတ်ကင်းမဲ့ နေသည်ဟု ခံစားရနေခြင်းနှင့် CDM လှုပ်ရှားမှုအတွင်း ကွဲပြားမှုများကို ဖော်ပြထားပါသည်။ နောက်ဆုံးသုံးပိုင်းတွင် အနာဂတ်တွင် CDM ၏ ဆင့်ကဲပြောင်းလဲလာမှုကို ညွှန်ဆိုထားသော စစ်တပ်ကို အားနည်းစေမည့်နည်းလမ်း၊ နိုင်ငံတကာအသိုက်အဝန်း (နိုင်ငံခြားအစိုးရများနှင့် နိုင်ငံခြားအကူအညီပေးရေးအဖွဲ့အစည်းများ) နှင့် ထိတွေ့ဆက်ဆံပုံနှင့် ဒီမိုကရေစီတော်လှန်ရေးကို အကျိုးဖြစ်ထွန်းစေနိုင်မည့် နည်းဗျူဟာအသစ်အချို့ကို ဖော်ပြထားသည်။ အကြံပြုထားသော နည်းဗျူဟာများကို အချို့သောနေရာများတွင် သေးငယ်သော အတိုင်းအတာ (သို့) စနစ်မကျသော ပုံစံဖြင့် (ဥပမာ၊ လူသိရှင်ကြားဖြစ်စေသော အစိုးရသတင်းပေါက်ကြားမှုများ) အသုံးချနေကြပြီဖြစ်သော်လည်းဘဲ အချို့သောနေရာများတွင် ကျွန်ုပ်တို့၏အကြံပြုချက်များသည် ဆန်းသစ်သော (ဥပမာ စစ်တပ်နှင့်ရဲတပ်ဖွဲ့ဝင်များအကြား အကွဲအပြဲများဖြစ်ပေါ်စေခြင်း) အရာများဖြစ်နိုင်ပါသည်။ အကြံပြုချက်များ၏ အဓိကရည်ရွယ်ချက်မှာ အနာဂတ်တော်လှန်ရေး လုပ်ဆောင်ချက်များအတွက် ဆွေးနွေးမှုများအစပျိုးစေရန်နှင့် CDMers များနှင့် ၎င်းတို့၏မတူကွဲပြားသောမဟာမိတ်များအတွက် စစ်ကောင်စီကို အားနည်းစေပြီး တော်လှန်ရေးပန်းတိုင်များကို အထောက်အပံ့ဖြစ်စေရန် လမ်းကြောင်းသစ်များ ဖော်ထုတ်ပေးရန်ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း

မြန်မာနိုင်ငံ CDM လှုပ်ရှားမှု၏ အဓိကမဏ္ဍိုင်လှုပ်ရှားမှုမှာ ပြည်သူ့ဝန်ထမ်းသပိတ်ဖြစ်သည်။ သို့သော်လည်း ကမ္ဘာ့ဒေသအသီးသီးမှ အမျိုးအစားစုံလင်သော အကြမ်းမဖက်အာဏာဖီဆန်ရေးနည်းနာများလည်း ရောနှောပါဝင်နေသည်ကို တွေ့ရသည်။ လူထုသပိတ်နှင့် ပြည်သူ့ဝန်ထမ်းများ၏ အင်တိုက်အားတိုက် လုပ်ငန်းခွင်များမှ နုတ်ထွက်ခြင်းတို့သည် CDM ၏ အဓိကကျသော လုပ်ဆောင်ချက်ဖြစ်ပြီး “CDMers” ဆိုသည်မှာလည်း အခြေခံအားဖြင့် စစ်အာဏာရှင်လက်အောက်တွင် အလုပ်လုပ်ရန် ငြင်းဆန်သော ပြည်သူ့ဝန်ထမ်းများကို ဆိုလိုသည်။ CDM လှုပ်ရှားမှုသည် စတင်ပေါ်ပေါက်လာစဥ်ကတည်းက ပြည်တွင်းပြည်ပထောက်ခံမှုများစွာ ရရှိခဲ့သလို (၂၀၂၂) ခုနှစ် နိုဘယ်ငြိမ်းချမ်းရေးဆုအတွက်ပင် အမည်စာရင်း တင်သွင်းခံခဲ့ရသည်။ လှုပ်ရှားမှု၏ အထွတ်အထိပ်ကာလတွင် ပြည်သူ့ဝန်ထမ်းဦးရေ တစ်သန်း၏ ထက်ဝက်နီးပါးခန့်သည် စစ်တပ်လက်အောက်တွင် အလုပ်မလုပ်ရန် ကတိပြုခဲ့ကြပြီး သပိတ်တွင်ပါဝင်ခဲ့ကြသည် (Irrawaddy 2021)။ လှုပ်ရှားမှုသည် မြန်မာနိုင်ငံ၏ ပြည်သူ့အုပ်ချုပ်ရေး အထူးသဖြင့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကို ရပ်တန့်သွားစေခဲ့သည်။ ဘဏ်လုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများရှိ ဝန်ထမ်းများ၏ သပိတ်မှောက်ခြင်းကြောင့်လည်း မြန်မာ့စီးပွားရေးကို ထိခိုက်ပျက်စီးစေပါသည်။ CDM ကို ထောက်ခံသူများသည် လှုပ်ရှားမှုတွင် ပါဝင်သူဦးရေ တိုးလာစေရေးအတွက် ဆွဲဆောင်မှုရှိသော နည်းလမ်းများနှင့် အကျပ်ကိုင်သည့်နည်းလမ်းများကိုလည်း အသုံးပြုခဲ့ကြသည် (Anonymous 2021)။ CDM ၏ ကျော်ကြားမှုနှင့် ၎င်း၏နောက်ဆက်တွဲ သက်ရောက်မှုကြောင့် ထိတ်လန့်တုန်လှုပ်နေသော စစ်တပ်သည် CDM ပါဝင်သူများနှင့် ခေါင်းဆောင်များကို ပြင်းထန်စွာ အရေးယူခဲ့သည်။ CDM စတင်ပြီး လအနည်းငယ်အတွင်း စစ်တပ်သည် CDM ပါဝင်သူ ရာပေါင်းများစွာကို

ဖမ်းဆီးခဲ့သည်။ ပညာရေးကဏ္ဍတစ်ခုတည်းတွင်ပင် CDM ပြုလုပ်ခြင်းကြောင့် ကျောင်းဆရာ (၁၃၀,၀၀၀) ကျော် အလုပ်မှထုတ်ပယ်ခံခဲ့ရသည်။ ဤအရေအတွက်သည် မြန်မာနိုင်ငံရှိ သင်ကြားရေးဝန်ထမ်း စုစုပေါင်း၏ သုံးပုံတစ်ပုံကျော်ဖြစ်သည် (BBC Burmese 2022)။ CDM ခေါင်းဆောင်များ၊ ပါဝင်သူများနှင့် ထောက်ခံအားပေးသူအများအပြားကို အမြင့်ဆုံး ထောင်ဒဏ် (၃) နှစ်အထိ အပြစ်ပေးအရေးယူနိုင်သော ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) ဖြင့်လည်းကောင်း၊ ထောင်ဒဏ်တသက်တကျွန်းအထိ အမြင့်ဆုံးအပြစ်ပေး အရေးယူနိုင်သော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၏ ပုဒ်မမျိုးစုံဖြင့်လည်းကောင်း တရားစွဲဆိုမှုများ ဝရမ်းထုတ်မှုများပြုလုပ်ထားသည်။[၄] ဩဂုတ်လ (၂၀၂၂) ခုနှစ်အထိအချက်အလက်များအရ ကျန်းမာရေး ဝန်ထမ်း (၆၀၀) ဝန်းကျင်နှင့် ကျောင်းဆရာ (၂၀၀) ကျော်ကို စစ်တပ်မှ ဖမ်းဆီးထားပြီး၊ ကျန်းမာရေးဝန်ထမ်း (၃၀) ကျော်နှင့် ကျောင်းဆရာ (၂၇) ဦးတို့သည် ဆန္ဒပြမှုများအကြမ်းဖက်ဖြိုခွင်းခံရစဉ်နှင့် စစ်တပ်၏ ထိန်းသိမ်းမှုအတွင်း သေဆုံးခဲ့ရပြီဖြစ်သည် (Insecurity Insight 2022; RFA Burmese 2022b)။

CDM လှုပ်ရှားမှုသည် စတင်ပေါ်ပေါက်လာစဉ်ချိန်မှစ၍ ဗဟိုချုပ်ကိုင်မှုမရှိသောလှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် CDM လှုပ်ရှားမှု၏ အဓိကပံ့ပိုးအားပေးကူညီသူနှင့် လှုပ်ရှားမှု၏ဗျူဟာကို ဦးဆောင်သူအဖြစ် မိမိကိုယ်ကိုကတိပြုထားသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကြောင့်လည်း လှုပ်ရှားမှုသည် အရှိန်အဟုန်များစွာရရှိခဲ့သည်ကို တွေ့ရသည်။ CDM ဝန်ထမ်းများ၏အကူအညီဖြင့် NUG သည် ကျောင်းများနှင့် ဆေးခန်းများကဲ့သို့ စစ်အုပ်ချုပ်ရေးအစားထိုးအုပ်ချုပ်မှုယန္တရားများကို တည်ဆောက်လျက်ရှိသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့၌ ၎င်း၏ကြီးကြပ်မှု အောက်တွင် လည်ပတ်နေသော ကျောင်းပေါင်း (၇၀) ကျော်ရှိနေပြီဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော် ပြောဆိုခဲ့သည် (Frontier Myanmar 2022)။ ထောင်သောင်းချီသော CDMers များသည် စစ်တပ်၏ အုပ်ချုပ်ရေးယန္တရားတွင်ပါဝင်ရန် ဆက်လက်ငြင်းဆိုနေကြသော်လည်း ပြင်းထန်သောဖိအားများနှင့် စားဝတ်နေရေးအကျပ်အတည်းများကြောင့် CDM ပါဝင်မှုနှုန်းသည် အာဏာရှင်စနစ် နှစ်နှစ်နီးပါးအကြာတွင် သိသိသာသာကျဆင်းသွားသည်ကို တွေ့ရသည်။ CDM လှုပ်ရှားမှုတွင်ပါဝင်သူ၏ (၄၀) ရာခိုင်နှုန်း သို့မဟုတ် (၁၅၀,၀၀၀) ကျော် သည် သပိတ်မှနုတ်ထွက်ပြီး စစ်တပ်မှ ဖွဲ့စည်းထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) အောက်ရှိ ၎င်းတို့၏လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ကြသည် (RFA Burmese 2022a)။ သို့သော်လည်း NUG ၏ CDM အောင်မြင်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက (၂၀၂၂) ခုနှစ် စက်တင်ဘာလအထိ NUG တွင် မှတ်ပုံတင်ထားသော စာရင်းများအရ CDM ပြုလုပ်သူအရေအတွက်စုစုပေါင်းမှာ (၃၅၀,၀၀၀) ဝန်းကျင် ရှိနေသေးကြောင်း ၎င်းတို့အနက် (၆၀) ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြောင်း အတည်ပြုပြောဆို ခဲ့သည် (စာရေးသူများဆက်သွယ်မေးမြန်းမှု ၂၄ စက်တင်ဘာ ၂၀၂၂)။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများ သမဂ္ဂ အဖွဲ့ချုပ်၏ အချက်အလက်များအရ ပညာရေးဝန်ကြီးဌာနသည် CDM တွင် ပါဝင်သူပေါင်း (၂၀၀,၀၀၀) ကျော် ရှိသဖြင့် ဝန်ကြီးဌာနများအနက် အများဆုံးဖြစ်ကြောင်းသိရသည်။ CDM ပါဝင်သူများကို အလုပ်ပြန်ဝင် ပါက အပြစ်ပေးအရေးယူမည် မဟုတ်ကြောင်း စစ်တပ်ထိန်းချုပ်ထားသော မီဒီယာမှ (၂၀၂၁) ခုနှစ် ဩဂုတ်လတွင် ကြေညာခဲ့သည်။ လုပ်ငန်းပြန်ဝင်သူအနည်းငယ်ရှိသော်လည်းဘဲ CDM ပြုလုပ်သူများစွာ ဖိနှိပ်ခံ၊ အကျဉ်းချခံ နေရဆဲ ဖြစ်သောကြောင့် အများစုက အဆိုပါ ကြေငြာချက်အား အယုံအကြည်မရှိကြပေ။ ဥပမာအားဖြင့် (၂၀၂၂) ခုနှစ် ဇွန်လအထိ ဆရာ၊ ဆရာမ (၃,၀၀၀) ခန့်သာ ပြန်လည်ခန့်အပ်ခံထားရသည် (RFA Burmese 2022d)။

[၄] ပုဒ်မ ၅၀၅ (က) အရ မည်သူကိုမဆို နိုင်ငံသားတစုကို ဖြစ်စေ၊ ပြည်သူလူထုကိုဖြစ်စေ ထိတ်လန့်စေလျှင် (သို့) ထိတ်လန့် စေရန် ကြံရွယ်လျှင်၊ မမှန်ကန်ကြောင်း ကြိုတင်သိရှိလျှက် မမှန်သတင်းများ ဖြန့်ဝေမှုပြုလုပ်လျှင် (သို့) ဖြန့်ဝေရန် ကြံရွယ်လျှင်၊ အစိုးရ ဝန်ထမ်းတဦးဦးကိုဖြစ်စေ၊ အစိုးရဝန်ထမ်းတဖွဲ့ကိုဖြစ်စေ၊ အစိုးရဝန်ထမ်းများကိုဖြစ်စေ ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်လျှင် (သို့) ထိုသို့ ကျူးလွန်စေရန် ကြံရွယ်လျှင် (သို့) လှုံ့ဆော်လျှင် ထောင်ဒဏ် ၃ နှစ် အထိ ချမှတ်နိုင်သည်။

# အပိုင်း (၁)
## တွေ့ရှိချက်များ

ဤစာတမ်းအတွက် CDM ပြုလုပ်သူနှင့် ပံ့ပိုးကူညီသူ (ဥပမာ၊ CDMers များအတွက် ငွေကြေး သို့မဟုတ် အခြားသော အကူအညီများကို စီမံခန့်ခွဲရာတွင် တိုက်ရိုက်ပါဝင်နေသူများ) (၃၀) ကျော်ကို မေးမြန်းခဲ့ပါသည်။ ထို့အပြင် လက်ရှိစစ်တပ်ထိန်းချုပ်ထားသော အုပ်ချုပ်ရေးယန္တရားတွင် တာဝန်ထမ်းဆောင်နေကြသော Non-CDMers (လှုပ်ရှားမှုတွင် လုံးဝမပါဝင်ဖူးသူများ) နှင့် CDM ပြုလုပ်ပြီးနောက် လုပ်ငန်းခွင်သို့ ပြန်လည် ဝင်ရောက်သွားသော CDMers စုစုပေါင်း (၁၂) ဦးကိုလည်း မေးမြန်းခဲ့ပါသည်။ နောက်ဆုံးတွင် အမည်ဖော်ပြခြင်း မပြုရန်တောင်းဆိုထားသည့် CDM အောင်မြင်ရေးကော်မတီမှ NUG တာဝန်ရှိသူတဦးနှင့်လည်း ဆက်သွယ် ပြောဆိုခဲ့ပါသည်။ ဤဆက်သွယ်မေးမြန်းမှုအများစုကို သုတေသီများ၏ အဆက်အသွယ်များအတွင်းမှ ဆက်သွယ်ထားခြင်းဖြစ်ပါသည်။ ဆက်သွယ်မေးမြန်းခဲ့သော CDMers များသည် ဝန်ကြီးဌာနများစွာမှ ရာထူး အဆင့်များစွာပါဝင်သော ကွဲပြားစုံလင်သည့်အစုအဖွဲ့ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မေးမြန်းရာတွင် ကျား၊ မ အချိုးညီစေရန် ကြိုးပမ်းသော်လည်းဘဲ အချို့သောကဏ္ဍများတွင် အခက်အခဲရှိပါသည်။ ဥပမာအနေဖြင့် မိမိတို့ဆက်သွယ်ခဲ့သော ပညာရေးဝန်ထမ်းအများစုသည် အမျိုးသမီးများဖြစ်ကြသည်။ ထို့အပြင် CDMers အများစုသည် အသက် (၄၀) နှင့်အောက် ငယ်ရွယ်သူများဖြစ်ကြသည်။ CDM တွင် အကြီးတန်းအဆင့် ပြည်သူ့ ဝန်ထမ်းများပါဝင်မှု အလွန်တရာနည်းပါးခြင်းကိုလည်း အဆိုပါအချက်အလက်ကထောက်ပြနေသည်။ ထိုကဲ့သို့ အကြီးတန်းအရာရှိများ CDM တွင် ပါဝင်မှုနည်းခြင်းကလည်း မိမိတို့ဆက်သွယ်ခဲ့သော အငယ်တန်း အရာရှိ များစွာအတွက် အမျက်ဒေါသထွက်စေသော အရင်းခံအကြောင်းအရင်းတရပ်ဖြစ်နေသည်ကို တွေ့ရပါသည်။

စိုက်ပျိုးရေး၊ ပညာရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေးနှင့် ရဲတပ်ဖွဲ့စသည်ဖြင့်ကဏ္ဍအသီးသီးမှ ရာထူးအဆင့် အမျိုးမျိုးရှိသော CDMers များအား ဦးတည်မေးမြန်းနိုင်ရန် ကျွန်ုပ်တို့ကြိုးပမ်းခဲ့ပါသည်။ ဝန်ကြီးဌာနများ မတူသည့် နည်းတူ CDMers များ ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများသည်လည်း မတူညီကြပါ။ ပညာရေး ဝန်ကြီးဌာနမှ ဖြေကြားသူတချို့က ၎င်းတို့အနေဖြင့် ၎င်းတို့၏ အထက်အရာရှိများ သို့မဟုတ် စစ်တပ်ထံမှ ဖိအားအနည်းငယ်မျှသာ ကြုံတွေ့ခဲ့ရကြောင်းပြောဆိုသည်။ အချို့သောဖြစ်ရပ်များတွင် ဆရာများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများသည် ၎င်းတို့၏ မူလလုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်ရာတွင် အခက်အခဲ ကြီးကြီးမားမား ကြုံတွေ့ခဲ့ရခြင်း မရှိကြောင်း ပြောဆိုသည်။ သို့ရာတွင် စစ်သားနှင့်ရဲတပ်ဖွဲ့ဝင်တို့သည် CDM ပြုလုပ်ပါက ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်ဟောင်းများ၏ လိုက်လံဖမ်းဆီးမှုကိုခံရပြီး ဖမ်းဆီးခံရပါက ရက်စက် ပြင်းထန်သော ဒဏ်ခတ်အရေးယူမှုကို ရင်ဆိုင်ရသည်။ လုံခြုံရေးနှင့်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိုးရိမ်မှုများ ကြောင့် ကျွန်ုပ်တို့ဆက်သွယ်မေးမြန်းပြောဆိုသော CDM သမားအများစုသည် မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိ နေကြပြီး၊ အချို့မှာမူ ပြည်တွင်းရှိ ထုတ်ဖော်ပြောဆိုခြင်းမရှိသော နေရာများတွင်ရှိနေကြသည်။ ကျွန်ုပ်တို့၏ သုံးသပ်ချက်နှင့်အကြံပြုချက်များသည် ဤအစုအဖွဲ့နှစ်ခုစလုံး (ပြည်တွင်းနှင့်ပြည်ပတွင် ရှိနေသူများ) ၏ အခြေအနေများကို ထည့်သွင်းစဉ်းစားထားပါသည်။ အစုအဖွဲ့နှစ်ခုစလုံးသည် မတူညီသော အရင်းအမြစ်များနှင့် အရေးကြီးသောအခန်းကဏ္ဍများတွင် ပါဝင်နေကြသည်။ တစ်ချိန်တည်းမှာပင် CDMers များ သည် နိုင်ငံအတွင်း၌ ဆက်လက်နေထိုင်ခွင့်ရရှိပြီး အတွင်းမှနိုင်ငံပြန်လည်တည်ဆောက်ရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက် နိုင်ခွင့်ရှိလျှင် ကြီးမားသောသက်ရောက်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်းကိုလည်း မိမိတို့ အသိအမှတ်ပြုပါသည်။

## CDMer များ၏ ကိုယ်တိုင်နားလည်ရှုမြင်မှုများ - CDMer များဆိုတာ ဘယ်သူတွေလဲ၊ ၎င်းတို့ရဲ့ ပန်းတိုင်တွေက ဘာတွေလဲ

ကျွန်ုပ်တို့ တွေ့ဆုံမေးမြန်းခဲ့သော CDMer များ၏ CDM အပေါ်အဓိပ္ပါယ်ဖွင့်ဆိုချက်များသည် အကြမ်းဖျင်းအားဖြင့် တူညီမှုရှိပြီး ၎င်းတို့၏ အခြေခံပန်းတိုင်များကိုလည်း တူညီသောဝေါဟာရများဖြင့် ရှင်းပြကြသည်ကို တွေ့ရသည်။ ဖြေဆိုသူအားလုံးက CDM ကို အဓိကအားဖြင့် စစ်အစိုးရ၏ တိုင်းပြည်အုပ်ချုပ်နိုင်စွမ်းကို ထိခိုက်

စေရန်ရည်ရွယ်သည့် ပြည်သူ့ဝန်ထမ်းသပိတ်တစ်ခုအဖြစ် သတ်မှတ်ကြသည်။ သို့သော် လတ်တလော ဖြစ်ပျက်နေသည့်အရာများနှင့် အနာဂတ်တွင်ဖြစ်သင့်သည့် အရာများအပေါ်တွင်မူ ဖြေဆိုသူများ၏ သဘောထားများနှင့် သုံးသပ်မှုများသည် သိသိသာသာ ကွဲပြားနေသည်ကို တွေ့ရသည်။ ဖြေဆိုသူအချို့က CDM လှုပ်ရှားမှုသည် "**အရေးအတွက်ထက် အရည်အသွေး**" ကို ဦးစားပေးသင့်ကြောင်းပြောဆိုပြီး စစ်အစိုးရ၏ အရေးကြီးသောကဏ္ဍများကို ဦးတည်ပစ်မှတ်ထားသော ရေရှည်မဟာဗျူဟာများကို ပိုမိုအာရုံစိုက်သင့်သည်ဟု ဆိုသည်။ အချို့ကမူ CDM သည် ထိရောက်မှု မရှိကြောင်း၊ စစ်အစိုးရကို ဖြုတ်ချနိုင်စွမ်းမရှိကြောင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုကြသည်။

CDMer အများစုသည် ၎င်းတို့၏ (CDM တွင်ပါဝင်ခြင်း) ဆုံးဖြတ်ချက်နှင့် လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်လက်ပါဝင်နေကြသည်ကို ဂုဏ်ယူလျက်ရှိနေကြသည်။ ဖြေကြားသူအများစုသည် ၎င်းတို့၏ ကြံ့ရည်ကြံ့ဆ ရှိမှုနှင့် စစ်အစိုးရနှင့် အချို့ဖြစ်ရပ်များတွင် ၎င်း၏မဟာမိတ် နိုင်ငံခြားအစိုးရများ၏ ဖမ်းဆီးချုပ်နှောင်မှုများမှ ရှောင်ရှားနိုင်သည်ကို ဂုဏ်ယူစွာထုတ်ဖော်ပြောဆိုကြသည်။  CDMer များ၏ အရည်အချင်းပြည့်ဝမှုသည် လက်ရှိအလုပ်လက်မဲ့ဖြစ်နေကြသော ဝန်ထမ်းများနှင့်ပတ်သက်ပါက အထူးအလေးပေးထည့်သွင်းစဥ်းစားရမည့် အချက်တခုဖြစ်သည်။ ၎င်းတို့သည် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများစွာကို ပေးဆောင်နိုင်ကြောင်း၊ ကျွမ်းကျင်မှုများစွာကို ပိုင်ဆိုင်ထားကြောင်း ၎င်းတို့ကထပ်ခါတလဲလဲသတိပေးကြပါသည်။ စစ်တပ်၏ အာဏာသိမ်းမှုကို အညွှန်ခံအရှုံးပေးသည့်သူများအဖြစ်မဟုတ်ဘဲ တော်လှန်ရေးသမားများအဖြစ် ၎င်းတို့ကို ရှုမြင်စေချင်ကြသည်။

တစ်ချိန်တည်းမှာပင် CDMers များကိုယ်တိုင်က လှုပ်ရှားမှုနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းနိုင်ချေရှိသောဝေဖန်မှုများစွာကို ထုတ်ဖော်ပြောဆိုကြသည်။ CDM ပါဝင်ရန် အင်အားနှင့် အကျပ်ကိုင်သောနည်းလမ်းများအသုံးပြုမှုနှင့် သက်ဆိုင်သောပြောဆိုမှုများသည် ဤသုတေသနစာတမ်းပြုစုစဉ်အတွင်း မကြာခဏ ပေါ်ထွက်လာသော အကြောင်းအရာတခုဖြစ်သည်။ ကျွန်ုပ်တို့မေးမြန်းဆက်သွယ်သော CDMers များက လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိသူများအား "လူမှုရေးပြစ်ဒဏ်" ပေးသည့်နည်းလမ်းအပါအဝင် လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ရန် အတင်းအကြပ်ခိုင်းစေသော နည်းနာများကို ယေဘုယျအားဖြင့် သဘောမတူကြပေ။ အဆိုပါအတင်းအကြပ် လုပ်ဆောင်သောနည်းလမ်းများသည် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုများစေလိမ့်မည်ဟုဆိုကြသည် (အဆိုပါ အကြောင်းအရာအား ၃ (ဂ) တွင် ဆွေးနွေးထားသည်)။ လုံခြုံရေးကဏ္ဍမှ ပုဂ္ဂိုလ်များနှင့် အဆင့်မြင့်ဝန်ထမ်း အရာရှိများကို ပစ်မှတ်ထားသော သပိတ်များနှင့် ဘက်ပြောင်းမှုများကို အနာဂတ်တွင် ပိုမိုအလေးပေး ဆောင်ရွက်ရန်လိုအပ်ကြောင်း CDMers များကပြောဆိုကြသည်။ ဤကဲ့သို့သော CDM အပေါ်ဝေဖန်မှုများသည် အနာဂတ်အစီအစဉ်အတွက်အသုံးဝင်သော်လည်းဘဲ CDMers များ လက်ရှိကြုံတွေ့နေရသော မကျေနပ်မှုများကို ဖြေလျှော့ပေးစေရန်မူ စွမ်းဆောင်နိုင်ခြင်း သိပ်မရှိပေ။ CDM ပါဝင်သူများအားလုံး၏ တူညီသောထင်ရှားသည့် လက္ခဏာတခုမှာ လက်ရှိအခိုက်အတန့်အပေါ် အလွန်အမင်းစိတ်ပျက်နေကြခြင်းဖြစ်သည်။ လာမည့်စာပိုဒ်များ တွင် အဆိုပါအကြောင်းအရာများကို ဖော်ပြထားသည်။

## စိန်ခေါ်မှုများ - လုံခြုံရေး၊ စားဝတ်နေရေး၊ အဆက်အသွယ်ပြတ်တောက်မှု

ပြည်တွင်းပြည်ပရှိ CDMers များသည် ၎င်းတို့၏ နေ့စဉ်ဘဝ၌ ကြီးမားတဲ့စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ အချို့သောစိန်ခေါ်မှုများသည် ၎င်းတို့ကိုယ်တိုင်သာမက ၎င်းတို့၏ မိသားစုဝင်များကိုပါ ဦးတည်သည့် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများကဲ့သို့သော အသက်အန္တရာယ်ကိုပင်ထိခိုက်စေသော စိန်ခေါ်မှုများဖြစ်သည်။ အခြားသောစိန်ခေါ်မှုများမှာ CDMers များ၏ ဝင်ငွေမရှိခြင်းနှင့် မိမိကိုယ်ကိုအသုံးမဝင်ဟု ခံစားရခြင်း ကဲ့သို့သော အသက်အန္တရာယ်ကိုတိုက်ရိုက်ထိခိုက်စေသည့်အရာများ မဟုတ်သော်လည်း ကြီးမားသော စိန်ခေါ်မှုများဖြစ်ကြသည်။ ဤစိန်ခေါ်မှုများသည် CDM သမားများအကြားဖြစ်ပေါ်နေသော အလိုမကျမှုများနှင့် မကျေနပ်မှုများ၏ အဓိကအရင်းခံဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ပြေးခြင်း သို့မဟုတ် အလုပ်ပြန်

ဝင်ခြင်းတို့ အပါအဝင် CDM သမားများ၏ လုပ်ဆောင်မှုအများအပြားသည် အဆိုပါစိန်ခေါ်မှုများကြောင့် ပင် ဖြစ်သည်။ CDM ဆက်လက်ပြုလုပ်ရန် အပေါင်းအသင်းများ၏ ဖိအားပေးမှု (သို့) အပေါင်းအသင်းများ နှင့် မိသားစုဝင်များ၏ လုပ်ငန်းခွင်ပြန်ဝင်ရန် ဖိအားပေးမှုစသည့် လူမှုရေးဖိအားများကြောင့်လည်း CDMers များ၏ အလိုမကျမှု များသည် ပိုမိုဆိုးရွားလာသည်ကိုတွေ့ရသည်။ လာမည့်အပိုဒ်များတွင် ဤစိန်ခေါ်မှုများ နှင့် ၎င်းတို့ကြောင့် ဖြစ်ပေါ်လာသော အလိုမကျမှုများကိုဖော်ပြထားပြီး အဆိုပါပြဿနာများကို ဖြေရှင်းနိုင် မည့် နည်းလမ်းများကို အနာဂတ် CDM လုပ်ဆောင်ချက်အတွက် မူဘောင်အဆိုပြုရာတွင် ဖော်ပြထားပါသည် (အပိုင်း ၂)။

ကျွန်ုပ်တို့၏သုတေသနတွေ့ရှိချက်များအား မတင်ပြမီ  CDM လှုပ်ရှားမှုတွင် ပါဝင်သူများသည် စစ်တပ် လက်အောက်တွင် အကျဉ်းချခံရခြင်း၊ ကြမ်းတမ်းသောပြစ်ဒဏ်များပေးခံရခြင်းနှင့် ဥပဒေမဲ့ကွပ်မျက်ခြင်း ကဲ့သို့သော ကြီးမားသောအန္တရာယ်များစွာကို ကြုံတွေ့နေရကြောင်းဖော်ပြလိုသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းကြောင့် ဖမ်းဆီး၊ ပြစ်ဒဏ်ချ၊ နှိပ်စက်၊ သတ်ဖြတ်ခံရသည့် စုစုပေါင်းအရေအတွက်ကို မသိရသေး သော် လည်းဘဲ CDM တွင်ပါဝင်သူများသည် ၎င်းတို့၏ ရာထူး၊ နေရပ်၊ လူမျိုးဘာသာမရွေးဘဲ စစ်တပ်၏ လိုက်လံ ဖမ်းဆီးခြင်းကိုခံရပြီး ဖမ်းဆီးမိပါက ပြင်းထန်စွာအပြစ်ပေးခံရလေ့ရှိကြောင်း သတင်းအရင်းအမြစ် အများအပြားက ဖော်ပြနေသည်။ CDMers အများအပြားသည် ဖမ်းဆီခံရပီးနောက် အကျဉ်းထောင်များ သို့ ပြောင်းရွှေ့ခြင်းမခံရမီ စစ်ဆေးမေးမြန်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကိုလည်း ခံကြရသည်။ အချို့ သော ပြည်သူ့ဝန်ထမ်းများသည် ၎င်းတို့ကိုယ်တိုင် CDM တွင် ပါဝင်ခြင်းမရှိသော်လည်းဘဲ လက်အောက် ငယ် ဝန်ထမ်းများ၏ CDM ပါဝင်မှုကို မျက်ကွယ်ပြုထားခြင်းကြောင့် အပြစ်ပေးခံရသည့် သာဓကများလည်း ရှိပါသည်။ CDM သမားအများအပြားသည် ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲဆိုခံထားရ သော်လည်းဘဲ ထင်ရှား သော CDM ခေါင်းဆောင်များနှင့် ပါဝင်သူအချို့သည် ထောင်ဒဏ်တစ်သက် (သို့မဟုတ် သေဒဏ်) အထိ အမြင့်ဆုံး အပြစ်ပေးနိုင်သော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခံရသည်။ ဥပမာအားဖြင့် မိတ္ထီလာမြို့၌ ကျောင်းသားသမဂ္ဂခေါင်းဆောင်ဟောင်းတစ်ဦးလည်း ဖြစ်သည့် CDM ဆရာမငယ်တစ်ဦးအား အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ (က) ဖြင့် ယင်းပုဒ်မ၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့သည် (RFA Burmese 2022c)။ မန္တလေးမြို့ရှိ နာမည်ကြီး CDM ဆရာဝန်တစ်ဦးနှင့် ၎င်း၏ မိသားစုဝင်များကို ၂၀၂၂ ခုနှစ် ဧပြီလတွင် စစ်တပ်က ဖမ်းဆီးပြီးနောက် ၎င်းအား အဆိုပါပုဒ်မဖြင့်ပင် တရားစွဲဆိုပြီး ၎င်း၏ နေအိမ်နှင့်ပိုင်ဆိုင်မှုများကို ချိတ်ပိတ်လိုက်သည် (Myanmar Now 2022)။

သို့ရာတွင် အချို့သော CDMers များသည် ကံကောင်းထောက်မစွာပင် စစ်အစိုးရ၏ အရေးယူမှု အနည်းငယ် ကိုသာ ကြုံတွေ့ရသည်။ ကျွန်ုပ်တို့မေးမြန်းဆက်သွယ်ခဲ့သော သင်ကြားရေးဆရာအများအပြားက ၎င်းတို့၏ အထက်လူကြီးများနှင့် အုပ်ချုပ်သူများက လုပ်ငန်းခွင်အတွင်းမှ ၎င်းတို့ပျောက်ကွယ်နေမှုကို မှတ်ချက်မပေး ဘဲ လျစ်လျူရှုပေးကြောင်းပြောဆိုကြသည်။ CDM လှုပ်ရှားမှု၏ ကြီးမားကျယ်ပြန့်သော အရွယ်အစားကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် လုပ်ငန်းခွင်အတွင်းမှ ထွက်ခွာသွားသူတိုင်းကို မှတ်တမ်းတင်ရန်နှင့် ခြေရာ ခံရန် မည်သို့မျှမလုပ်ဆောင်နိုင်သည်ကိုတွေ့ရသည်။ အချို့သော CDMers များ ပြင်းထန်သော အကျိုးဆက် များ မကြုံတွေ့ရသည့် အကြောင်းအရင်းတချို့ရှိနိုင်ပါသည်။ အချို့သောဖြစ်ရပ်များတွင် ရာထူးကြီးသော အထက်အရာရှိများကိုယ်တိုင်က CDM ဦးဆောင်ပြုလုပ်ပြီး ပိုမိုထင်ရှားသော ပစ်မှတ်များ ဖြစ်နေသဖြင့် ၎င်း တို့လက်အောက်ရှိ CDM ဝန်ထမ်းငယ်များသည် ပြင်းထန်သောအကျိုးဆက်များကို ကြုံတွေ့ရခြင်းမရှိသည် ကိုတွေ့ရသည်။ အခြားသောဖြစ်ရပ်များတွင် ဥပမာအနေဖြင့် ကျန်းမာရေးကဏ္ဍနှင့် နှိုင်းယှဥ်ပါက ပညာရေး ကဏ္ဍသည် စစ်အစိုးရ၏ ဦးစားပေးမဟုတ်သည့်အတွက် အဆိုပါကဏ္ဍမှ CDMers များသည် ပြင်းထန်သော အကျိုးဆက်များကို မခံစားရခြင်းလည်းဖြစ်နိုင်သည်။ တက္ကသိုလ်ပါမောက္ခတစ်ဦးက ၎င်းကြုံတွေ့ရသည့် ဖိအားအတိုင်းအတာမှာ အလုပ်ပြန်ဝင်ရန် ပါမောက္ခချုပ်ထံမှ ပေးပို့သော စာတစ်စောင်သာ ဖြစ်ကြောင်း ပြောဆိုသည်။ ရန်ကုန်ရှိ CDM ဆရာမတစ်ဦး၏အဆိုအရ ကျေးလက်ဒေသများရှိ ကျောင်းဆရာများ သည် မြို့ပြရှိကျောင်းဆရာများထက် အလုပ်ပြန်ဆင်းရန် ပိုမိုဖိအားပေးခံရကြောင်း၊ အကြောင်းမှာ ကျေးလက်

ဒေသရှိဆရာများသည် အစိုးရဝန်ဆောင်မှုများစွာ ရရှိနေသော ရန်ကုန်မြို့နှင့်မတူဘဲ အခြားအရေးပါသည့် ရပ်ရွာလုပ်ငန်းများတွင်လည်း ကူညီပံ့ပိုးပေးရခြင်းကြောင့်ဖြစ်ကြောင်းပြောဆိုသည်။ သူမ၏မိသားစုဝင်များသည် စစ်သားများ၏နှောင့်ယှက်မှုကို ခံခဲ့ရသော်လည်းဘဲ သူမခံစားရသော ခြိမ်းခြောက်မှု အတိုင်းအတာမှာ စစ်သားများ၏ အစဉ်တစိုက်စောင့်ကြည့်ခြင်းခံနေရသော ကျေးလက်ဒေသရှိ တက္ကသိုလ်တွင် သင်ကြားနေသော သူမ၏ သူငယ်ချင်းများထက် သိသိသာသာ နည်းပါးကြောင်းရှင်းပြသည်။

ဖိအားအနည်းငယ်သာရှိသည်ဆိုသည့် အဖြစ်အပျက်များသည် ခြွင်းချက်များသာဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ဆုံမေးမြန်းခဲ့သော CDMers အားလုံးသည် ၎င်းတို့၏ (CDM တွင်ပါဝင်ရန်) ဆုံးဖြတ်ချက်အတွက် ဝင်ငွေမရှိခြင်းမှသည် အကြမ်းဖက်မှုများတိုက်ရိုက်ကျူးလွန်ခံရခြင်းကဲ့သို့ ပင်ပန်းဆင်းရဲမှုများကို တနည်းတဖုံကြုံတွေ့နေရ သည်။ အဦးဆုံးနှင့်အကျယ်ပြန့်ဆုံးသောသပိတ်များကို ဦးဆောင်ခဲ့ကြသော ကျန်းမာရေးဌာနမှ ပြည်သူ့ ဝန်ထမ်းများသည် စစ်အစိုးရ၏ ဦးတည်တိုက်ခိုက်မှုများကို ပိုမိုကြုံတွေ့ခဲ့ရသည်။ အဆိုပါ တိုက်ခိုက်မှုများသည် မြန်မာနိုင်ငံရှိဆေးရုံးများတွင် Delta မျိုးကွဲ ကိုဗစ်ကူးစက်ရောဂါမှု ပျံ့နှံ့လာသော (၂၀၂၁) ခုနှစ်နှစ်လယ်ပိုင်းတွင် များပြားလာသည်။ ပဲခူးမြို့နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းရှိ CDM ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံဝန်ထမ်းများ ၏ ပြောပြချက်အရ ဆေးရုံများသည် စစ်တပ်၏ နိုင်ငံရေး၊ စစ်ရေးအရအသုံးချခြင်းကို ပြင်းပြင်းထန်ထန် ကြုံတွေ့ခဲ့ရကြောင်းသိရသည်။ အစိုးရထိန်းချုပ်ထားသော ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခြင်း မရှိတော့ သော CDM ဆရာဝန်များသည် ပုဂ္ဂလိကဆေးပေးခန်းများနှင့် နေအိမ်များမှ ကျန်းမာရေး ဝန်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသော်လည်းဘဲ လုပ်ငန်းခွင်ပြန်ဝင်ရန် စစ်တပ်၏ အကြမ်းဖက်ဖိအားပေး စေခိုင်းမှုများကို ကြုံတွေ့ခဲ့ရကြောင်းပြောဆိုသည်။ ထို့အပြင် စစ်ကောင်စီသည် အဆိုပါ CDM ဆရာဝန်များ၏ အမည်နှင့် မျက်နှာများကို လူသိရှင်ကြား အသိပေးပြီး လုပ်ငန်းခွင်ပြန်ဝင်ရန် ဖိအားပေးခဲ့သည် (Global New Light of Myanmar, 26 April 2021)။ စစ်သားနှင့် ရဲများသည် ဆေးရုံများကို သိမ်းပိုက်စခန်းချပြီး CDM ပြုလုပ်ခြင်း မရှိသေးသောဝန်ထမ်းများကို အတင်းအကြပ်တာဝန်ထမ်းဆောင်ရန် ဖိအားပေးကြောင်း သိရသည်။

ကျွန်ုပ်တို့ဆက်သွယ်မေးမြန်းသော CDM သမားများက ၎င်းတို့အနေဖြင့် ရာထူးမှနုတ်ထွက်ကတည်းက အနာဂတ်ကင်းမဲ့သည်၊ စွန့်ပစ်ခံရသည် (သို့) လစ်လျူရှုခံရသည်ဟု ခံစားရကြောင်း မကြာခဏ ပြောဆိုလေ့ရှိပါသည်။ အကြီးမားဆုံးပြဿနာနှစ်ခုမှာ ဝင်ငွေမရှိခြင်းနှင့် ဦးတည်ချက် ကင်းမဲ့နေပြီး ၎င်းတို့၏ အချိန်ကို မည်သို့ကုန်ဆုံးသင့်သည်ကို မသိရှိခြင်းဖြစ်သည်။ အချို့သွက်လပ်သူများသည် ဝါးငြမ်းများ ပြန်လည် ရောင်းချခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကဲ့သို့ ၎င်းတို့၏အတွေ့အကြုံအရည်အချင်းများနှင့် ကိုက်ညီမှုမရှိသောအလုပ်များကို လုပ်ကိုင်နေကြသည်။ အချို့သော CDM သမားများသည် ၎င်းတို့၏ အရည်အချင်းများကို အသုံးချနိုင်သောအခွင့်အလမ်းများကိုရရှိကြသည်။ ဥပမာအနေဖြင့် စိုက်ပျိုးရေး ဝန်ကြီးဌာနမှ CDM ဝန်ထမ်းတဦးသည် လွတ်မြောက်နယ်မြေတခုတွင် ဝါးစိုက်ပျိုးမှုနှင့် အစားအစာ ပြုလုပ်နည်းများကို ဒေသခံများထံပြန်လည်သင်ကြားပို့ချပေးနေသည်။ သို့ရာတွင် ထိုကဲ့သို့သော အစီအစဉ်များ သည် ပုံမှန်အခကြေးငွေရရှိလေ့မရှိဘဲ ၎င်းတို့အနေဖြင့် ဒေသခံများထံမှမပြောပလောက်သော လက်ဆောင်များ နှင့် အလှူငွေများဖြင့်သော်လည်းကောင်း၊ CDM လှုပ်ရှားမှုအား ပံ့ပိုးကူညီနေသောအဖွဲ့အစည်းများနှင့် နိုင်ငံရပ်ခြားရှိ သူငယ်ချင်းများနှင့် မိသားစုများက ပေးပို့သော ငွေများအပေါ်တွင်သာ မှီခိုအားထားနေရသည်။

အချို့သူများသည် ဘဏ်စုဆောင်းငွေများနှင့် Wave Money သို့မဟုတ် Kpay အကောင့်များ ရှိကြသော်လည်းဘဲ CDMers နှင့် CDM ထောက်ခံသူများ၏ ငွေကြေးလွှဲပြောင်းမှုများကို စစ်အစိုးရက မျက်ခြေမပြတ်လိုက်လံရှာဖွေ ကန့်သတ်နေသဖြင့် အသုံးပြုရန် ကြောက်ရွံ့နေကြသည်။ နိုင်ငံပြင်ပသို့ တိမ်းရှောင်သွားသော CDM သမားများ၏ ငွေရေးကြေးရေးအခြေအနေမှာလည်း လွယ်ကူမှုမရှိပါ။ အိန္ဒိယရှိ CDM သမားများက ၎င်းတို့သည် NUG နှင့် အဆက်အသွယ်မရရှိကြောင်း၊ ဒေသခံများရရှိသော တနေ့ဝင်ငွေထက် အလွန်တရာနည်းပါးသော အခကြေးငွေဖြင့် အလုပ်ကြမ်းများကို လုပ်ကိုင်နေရကြောင်းပြောဆိုသည်။ ထိုင်းနိုင်ငံတွင်လည်း

အလားတူ အခြေအနေမျိုးကို CDMers များကြုံတွေ့နေရပြီး ထိုင်းအလုပ်ရှင်များ၏ မကြာခဏခေါင်းပုံဖြတ်မှုကို ကြုံတွေ့ နေသည် (အချို့ဖြစ်ရပ်များတွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို လုပ်ခလစာလုံးဝပေးချေခြင်းမရှိပါ)။ CDMers များအနေဖြင့် ထိုကဲ့သို့ နေရေးထိုင်ရေးနှင့် စားရေးသောက်ရေး ခက်ခဲရုန်းကန်နေရစဉ်တွင် နိုင်ငံရေး ခေါင်းဆောင်အချို့၏ သက်သောင့်သက်သာရှိသော နေထိုင်မှုများ (ကိုယ်ပိုင်ကားများ မောင်းနှင်ခြင်း၊ စားသောက်ဆိုင်များတွင် စားသောက်ခြင်း) ကို မြင်တွေ့နေရခြင်းကလည်း CDMer များအကြားတွင် မကျေနပ်မှုများကို တိုးပွားစေပါသည်။

NUG သည် CDMers များကို အတိုင်းအတာတစ်ခုအထိ ပံ့ပိုးပေးထားသော်လည်း ပံ့ပိုးကူညီမှုများသည် နည်းပါးလာနေသည်။ စစ်သားနှင့်ရဲတပ်ဖွဲ့ဝင်များ၏ ဘက်ပြောင်းမှုကို ကူညီဆောင်ရွက်ပေးနေသည့် People’s Goal နှင့် People’s Embrace မှ ဖြေကြားသူများ၏အဆိုအရ တော်လှန်ရေးအစောပိုင်း ကာလများက ၎င်းတို့သည် အထောက်အပံ့များစွာရရှိခဲ့သော်လည်းဘဲ ယခုအခါတွင် အလွန်ပင်လျော့ပါးလာပြီးဖြစ်ကြောင်း ပြောဆိုသည်။ အခြားသော CDMer များသည်လည်း အလားတူဖြစ်ရပ်မျိုးကို ကြုံတွေ့နေရသည်။ မန္တလေးမှ CDM ပြုလုပ်သော အဆင့်မြင့်အစိုးရရှေ့နေဖြစ်သူ ကိုမင်းက (၂၀၂၁) ခုနှစ်တွင် ၎င်း၏ရာထူးမှ တိတ်တဆိတ်နုတ်ထွက်ခဲ့စဉ် NUG ဝန်ကြီးချုပ်ရုံးမှထောက်ပံ့သော ဆန်နှင့်ကျန်းမာရေးစောင့်ရှောက်မှုများကို လက်ခံရရှိခဲ့သော်လည်းဘဲ နောက်ပိုင်းတွင် NUG တွင် အရင်းအမြစ်များပြတ်လပ်လာမှုကြောင့် ၎င်းအနေဖြင့်လက်ခံရရှိခြင်း မရှိတော့ကြောင်းပြောဆိုသည်။ ကိုမင်းသည် နိုင်ငံမှ ထွက်ခွာရန်ဆုံးဖြတ်ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့သည်။ ထိုင်းနိုင်ငံသို့ရောက်ရှိချိန်တွင် ထိုင်းစစ်တပ်၏ ငြင်းပန်းနှိပ်စက်မှုကြောင့် ဒဏ်ရာများရရှိခဲ့ကြောင်း၊ ၎င်း၏ ဒဏ်ရာများသည် ပြင်းထန်လွန်းသောကြောင့် ဆေးကုသရန်လိုအပ်သော်လည်း ၎င်းအနေဖြင့် ငွေကြေး မတတ်စွမ်းနိုင်ကြောင်း၊ ၎င်း၏ဒဏ်ရာများကြောင့် အလုပ်လည်းလုပ်ကိုင်နိုင်ခြင်း မရှိကြောင်း ပြောဆိုသည်။ ကိုမင်းသည်ပင်လျှင် NLD အစိုးရလက်ထက်က လုပ်ပိုင်ခွင့်ရရှိသော အကြီးတန်းအရာရှိတဦး ဖြစ်ခဲ့သည်။ ရာထူးငယ် CDMers များသည် ၎င်းထက်ပိုမိုဆိုးရွားသော အခြေအနေများကို ကြုံတွေ့နေရသည်။

## CDM အတွင်းမှ ကွဲပြားမှုများ

အကြီးတန်းနိုင်ငံရေးခေါင်းဆောင်များနှင့် အငယ်တန်း CDMers များအကြားရှိ ကွာဟမှုသည် စိတ်ပျက်မှုနှင့် နာကြည်းမှုကိုဖြစ်ပေါ်စေသည့် တခုတည်းသော အကြောင်းအရင်းမဟုတ်ပေ။ ကျွန်ုပ်တို့ရရှိထားသော အချက်အလက်များအရ လှုပ်ရှားမှုအတွင်း အဓိကကွဲပြားချက်သုံးခုရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့မှာ (က) အလုပ်မှထွက်ခွာသွားသော “အမာခံ” CDM သမားများနှင့် အလုပ်ပြန်ဝင်သွားသော CDM သမားများနှင့် သပိတ်တွင်ပါဝင်ခြင်းမရှိသူများအကြား ကွဲပြားမှု၊ (ခ) မြန်မာနိုင်ငံအတွင်းရှိနေသော CDM သမားများ (သို့) ပြည်တွင်းတွင် ပုန်းအောင်းနေသူများနှင့် နယ်စပ်ဒေသများ (သို့) ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင် သွားသူများအကြား ကွဲပြားမှု၊ (ဂ) ဗမာမဟုတ်သော CDM သမားများနှင့် ဗမာ CDM သမားများ၊ အင်္ဂလိပ် စကားပြောဆိုနိုင်သော CDMers များနှင့် အင်္ဂလိပ်စကားပြောဆိုနိုင်ခြင်း မရှိသူများအကြားကွဲပြားမှုတို့ ဖြစ်ကြသည်။ အထက်ဖော်ပြပါ ကွဲပြားမှုများအား အထူးအလေးပေးလေ့လာသုံးသပ်ရန် အရေးကြီးပါသည်။ အနာဂတ်အတွက် အရေးကြီးသောလုပ်ငန်းတခုမှာ အဆိုပါကွဲပြားမှုများကြောင့် လှုပ်ရှားမှုအတွင်း ဖြစ်ပေါ်လာသော ကွာခြားမှုများနှင့်သဘောထားကွဲလွဲမှုများအား လျှော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာကြံကြရန်ဖြစ်ပါသည်။ အဆိုပါကွဲပြားမှုများသည် ကျော်လွှား၍မရနိုင်သော အရာများ မဟုတ်သော်လည်းဘဲ ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရန်မှာ CDM ခေါင်းဆောင်များနှင့် တော်လှန်ရေး ခေါင်းဆောင်များအတွက် ကြီးမားကျယ်ပြန့်သော တာဝန်တရပ်ဖြစ်ပါသည်။ အနာဂတ်လုပ်ဆောင်မှုများအတွက် ရည်ရွယ်သော မူဘောင်တွင် ဖော်ပြထားသည့်အတိုင်း CDM ရည်မှန်းချက်များနှင့် မဟာဗျူဟာများနှင့် ပတ်သက်ပြီး ရှင်းလင်းသောဆက်သွယ်ပြောဆိုမှုများရှိခြင်းက ဖော်ပြပါကွဲပြားမှုများအား ဖြေရှင်းနိုင်ရေး အတွက် အထောက်အပံ့ဖြစ်စေပါလိမ့်မည်။ ဤကွဲပြားမှုများကို အလုပ်သမားစည်းရုံးရေးမှူးများနှင့် အလုပ်သမားသမဂ္ဂ

များ၏ နည်းဗျူဟာများကို လေ့လာခြင်းဖြင့်လည်း ပေါင်းစပ်နိုင်ကြောင်း မူဘောင်ကို တင်ပြဆွေးနွေးရာတွင် ဆက်လက်ဖော်ပြပါမည်။

## "အမာခံ" CDM သမားများနှင့် "လုပ်ငန်းခွင်ပြန်ဝင်သွားသူများ" နှင့် Non-CDMers များအကြား ကွဲပြားမှု

ဤကဏ္ဍ၏ ရည်ရွယ်ချက်မှာ မတူညီသော CDMer အမျိုးအစားများ၊ ၎င်းတို့နှင့် CDM မဟုတ်သော ဝန်ထမ်း (Non-CDMers) တို့အကြား ခြားနားမှုများကို ထည့်သွင်းစဥ်းစားနိုင်ရန် တင်ပြထားပါသည်။ CDMers အများအပြားသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (သို့) ကာကွယ်ရေးတပ်ဖွဲ့များ (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ သို့မဟုတ် ဒေသကာကွယ်ရေးတပ်ဖွဲ့များ) ထိန်းချုပ်ထားသော "လွတ်မြောက်နယ်မြေ" များတွင် ခိုလှုံနေကြသည်။ CDMer အများအပြားသည် နိုင်ငံအတွင်းတွင်ပင် ပုန်းအောင်းနေကြဆဲဖြစ်ပြီး အများစုမှာ တော်လှန်ရေးလှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်နေကြဆဲ ဖြစ်သည်။ ဥပမာအားဖြင့် အင်တာဗျူးဖြေဆိုသူ တစ်ဦးက သူမသည် မြန်မာနိုင်ငံတောင်ပိုင်းရှိ CDM ဆရာ (၇၀၀) ကျော်ပါဝင်သော အဖွဲ့တခုတွင်ပါဝင်နေပြီး ကိုယ်ပိုင်ပညာရေးစနစ်တရပ် ထူထောင်နိုင်ရန် ကြိုးပမ်း နေကြောင်းပြောဆိုသည်။ ၎င်းတို့သည် လက်ရှိတွင် အစိုးရကျောင်းစနစ်နှင့် လုံးဝလွတ်ကင်းပြီး ဒေသခံများ၏ အားပေးထောက်ခံမှုဖြင့် ကျောင်းသားထောင်ပေါင်းများစွာအား ပညာရေးဝန်ဆောင်မှုများ ပေးနေသည်ဟုဆိုသည်။ အဆိုပါဆရာများသည် လွတ်မြောက်နယ်မြေတွင် ရောက်ရှိနေခြင်း မရှိသော်လည်းဘဲ စစ်အစိုးရနှင့်ကင်းကွာစွာနေပြီး CDM လှုပ်ရှားမှုတွင် ဆက်လက်ပါဝင်လျက် အန္တရာယ်များကြားမှ အဖွဲ့အစည်းလှုပ်ရှားနိုင်အောင်ဆောင်ရွက်နေကြသည်။ ဤကဲ့သို့သော CDMer များနှင့် လွတ်မြောက်နယ်မြေများ (သို့) မြန်မာနိုင်ငံပြင်ပတွင် ပုန်းအောင်းနေကြသည့် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များကို "အမာခံ" CDMers များဟု ခေါ်ဝေါ်သမုတ်လိုသည်။

တစ်ချိန်တည်းမှာပင် အချို့သော CDM သမားများသည် ၎င်းတို့၏ လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်ရန် ရွေးချယ်ခဲ့ကြသဖြင့် ၎င်းတို့ကို "**လုပ်ငန်းခွင်ပြန်ဝင်သွားသူများ**" ဟု ခေါ်ဆိုလိုသည်။ အများအပြားသည် လုပ်ငန်းခွင်ပြန်ဝင်ရန် အတင်းအကျပ်ခိုင်းစေခြင်းခံခဲ့ရသည်။ တက္ကသိုလ်ပါမောက္ခတစ်ဦးက သူမအနေဖြင့် အလုပ်ပြန်မဝင်ပါက သူမ၏မိသားစုသည် အကြမ်းဖက်ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခံခဲ့ရသည်ဟု ဆိုသည်။ သူမ၏ မိသားစုဝင်အချို့မှာ အသက်အရွယ်ကြီးရင့်ပြီး ခရီးမသွားနိုင်သောကြောင့် သူမအနေဖြင့် နိုင်ငံခြားမဆိုထားဘိ သူမ၏နေရပ်ကိုပင် စွန့်ခွာရန်မှာ မဖြစ်နိုင်ကြောင်းပြောဆိုသည်။ သူမသည် တက္ကသိုလ်တွင် အလယ်အလတ်စီမံခန့်ခွဲခွင့်ရှိသော ရာထူးရှိသူဖြစ်သော်လည်းဘဲ သူမ၏ အထက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရာထူးကြီးသူများရှိနေပါသည်။ ထို့ကြောင့် သူမသည် သပိတ်တွင်ပါဝင်သူ အဖြစ်ရော လုပ်ငန်းခွင်ပြန်ဝင်သူအဖြစ်ပါထင်ထင်ပေါ်ပေါ်ဖြစ်နေသည်။ သူမရင်ဆိုင်ရသည့် ဖိအားများသည် အလယ်အလတ်တန်းစားနှင့် အကြီးတန်း CDM ဝန်ထမ်းများ ကြုံတွေ့ရလေ့ရှိသည့် အခြေအနေများ ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သော ရှေ့နေကိုမင်းသည် ၎င်းတာဝန်ကျရာ မန္တလေးတိုင်းဒေသကြီးမှ ရန်ကုန်မြို့ဆင်ခြေဖုံးရှိ တိုက်ခန်းလေးသို့ ပြောင်းရွှေ့နေထိုင်ပြီးနောက်တွင် ဒလန် (စစ်တပ် သတင်းပေး) များက ၎င်းအား CDMer အဖြစ် သိရှိပြီးနောက် ၎င်း၏နေအိမ်အား ကြိမ်ဖန်များစွာ ဖျက်ဆီးခြင်း၊ လျှပ်စစ်နှင့် ရေပေးဝေမှုများ ဖြတ်တောက်ခြင်းနှင့် ၎င်းထံ အစားအသောက်မရောင်းချရန် ဈေးသည်များအား ဖိအားပေးမှုများရှိခဲ့သည်ဟုဆိုသည်။ ထို့ကြောင့် နောက်ဆုံးတွင် မိသားစုနှင့်အတူ တိုင်းပြည်မှ ထွက်ပြေးရန် ဆုံးဖြတ်ခဲ့ရကြောင်း ပြောဆိုသည်။ ဤစာတမ်းငယ်အတွက် သုတေသနပြုလုပ်နေစဥ်အတွင်း ကျွန်ုပ်တို့ ဆက်သွယ်ပြောဆိုခဲ့သော ကျန်းမာရေးဝန်ထမ်းများနှင့် အစိုးရအခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်သား အချို့က ၎င်းတို့သည် အထက်တွင်ဖော်ပြထားသော အကျပ်ကိုင်ဖိအားပေးသည့် နည်းလမ်းများကို ကြုံတွေ့ ခဲ့ရသော်လည်းဘဲ COVID-19 ပြင်းထန်ခဲ့သည့် ၂၀၂၁ ခုနှစ် နှစ်လယ်တွင် ကပ်ရောဂါတန်ပြန်နိုင်ရေး အတွက် ၎င်းတို့၏မူလ လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။

လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်သူများအပေါ် CDMers များ၏ အမြင်များသည် မျှော်လင့်ထားသလောက်

မကြမ်းတမ်းပါ။ CDM သမားများနှင့် မီဒီယာများက လုပ်ငန်းခွင်ပြန်ဝင်သွားသော CDM ဟောင်းများကို တစ်ခါတစ်ရံတွင် "ဖရဲသီး" ဟုညွှန်းဆိုကြသည်။ အကြောင်းမှာ အပေါ်ယံတွင် စစ်အစိုးရ (အစိမ်းရောင်) အတွက် ပြန်လည်ဝင်ရောက်လုပ်ကိုင်နေကြသော်လည်းဘဲ အတွင်းစိတ်တွင် ဒီမိုကရေစီအရေး (အနီရောင်) လှုပ်ရှားမှုကို စာနာထောက်ထားနေကြဆဲဖြစ်သောကြောင့်ဖြစ်သည်။ ဤသည်မှာ အထက်တွင်ဖော်ပြခဲ့သော လုပ်ငန်းခွင်ပြန်ဝင်ရောက်သွားသည့် တက္ကသိုလ်ပါမောက္ခတစ်ဦး၏ ဖြစ်ရပ်နှင့် ကိုက်ညီနေသည်။ ၎င်းသည် ပါမောက္ခတဦးအနေဖြင့် ဆက်လက်ရပ်တည်နေသော်လည်းဘဲ လွတ်မြောက်နယ်မြေများရှိ CDM သမားများ ထံသို့ အလှူငွေများဆက်လက်လှူဒါန်းနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတောင်ပိုင်းရှိ ပညာရေးကဏ္ဍမှ ဖြေဆိုသူများ၏ အဆိုအရ CDM သမားများသည် ၎င်းတို့၏ သင်ကြားရေးရာထူးများသို့ ပြန်လည် ဝင်ရောက်သည့်အခါ အထက်အရာရှိစီမံခန့်ခွဲသူများက ၎င်းတို့အား "ခွင့်ရက်ရှည်မှပြန်လာခြင်း" ဟု ဖော်ပြပြီး မည်သည့်ကိစ္စမှ မဖြစ်ခဲ့သကဲ့သို့ လျစ်လျူရှုပြီး ကြိုဆိုခြင်းမျိုးရှိသည်ဟုသိရသည်။ ကျောင်းစီမံခန့်ခွဲသူများဘက်မှ ထိုကဲ့သို့တုံ့ပြန်ဆောင်ရွက်ခြင်းသည် အစိုးရအုပ်ချုပ်သည့်အဖွဲ့အစည်း အတွင်းမှ (တော်လှန်ရေး) လှုပ်ရှားမှုကို တိတ်တဆိတ်ထောက်ခံနေကြောင်းဖော်ပြသည့် အရိပ်အယောင် တစ်ခု ဖြစ်နိုင်သည်။

CDM သမားများနှင့် ပြန်လည်ဝင်ရောက်သူများကြား ကွဲပြားမှုထက် CDM သမားများနှင့် ၎င်းတို့၏အလုပ်မှ လုံးဝထွက်ခွာခြင်းမရှိသူများအကြား ပြဿနာက ပိုမိုကြီးမားသည်။ အဆိုပါအချက်သည် ပြည်သူ့ဝန်ထမ်းလုပ်ငန်းအတွင်း အကြီးမားဆုံးသော ကွဲပြားမှုဖြစ်သဖြင့် တော်လှန်ရေးအပြီးတွင် လေးနက်သော ပြန်လည်သင့်မြတ်ရေးဆောင်ရွက်မှုများ လိုအပ်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ ဆက်သွယ်မေးမြန်းသူများအနက်တွင် CDM လှုပ်ရှားမှုတွင် ပါဝင်နိုင်ခြင်း လုံးဝမရှိခြင်းက ၎င်းတို့အနေဖြင့် အာဏာသိမ်းမှုကို ထောက်ခံခြင်းကြောင့်မဟုတ်ဘဲ အခြားသော တာဝန်ဝတ္တရားများ (ဥပမာ၊ ၎င်းတို့သည် မိသားစုအတွက် အဓိကဝင်ငွေရှာ နေရသူများ ဖြစ်နေခြင်း (သို့) မိသားစုဝင်တစ်ယောက်က CDM တွင် ပူးပေါင်းပြီး အခြားသူတစ်ဦးက အလုပ်ဆက်လုပ်နေရန် သဘောတူထားခြင်း စသည်ဖြင့်) ကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ယေဘုယျအားဖြင့် အဆိုပါ Non-CDMer များက CDM လှုပ်ရှားမှုအပေါ် စိတ်ပျက်ကြောင်း ဖော်ပြကြသည်။ ၎င်းတို့အနေဖြင့် CDM လှုပ်ရှားမှု၏ နိုင်ငံရေးပန်းတိုင်များကို သဘောတူညီသော်လည်းဘဲ ဝန်ကြီးဌာနများ အတွင်း တိုးများလာသော အလုပ်ဝန်များနှင့် လျော့ပါးလာသော ဝန်ထမ်းများ၊ ရန်လိုပြီး ရှုန်းကန်နေရသော အုပ်ချုပ်ရေးယန္တရားနှင့် ဒီမိုကရေစီလိုလားသော မိတ်ဆွေများ၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ကြုံတွေ့နေရကြောင်း ပြောဆိုကြသည်။ လွန်ကဲသောအခြေအနေများတွင် CDM မဟုတ်သော ဝန်ထမ်းများအား "လူမှုရေးပြစ်ဒဏ်" ဟူသော အကျပ်ကိုင်သောနည်းဗျူဟာဖြင့် ခြိမ်းခြောက်ခြင်းဖြစ်သည်။ စစ်သား (စစ်ဗိုလ်) များကို CDM တွင်ပါဝင်ရန် ဖိအားပေးသည့်အနေဖြင့် ၎င်းတို့၏ မိသားစုများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လူမှုကွန်ယက်တွင် ထုတ်ပြန်ခြင်းဖြင့် လူမှုပြစ်ဒဏ်ပေးခြင်းကို စတင်ခဲ့ခြင်းဖြစ်သော်လည်းဘဲ CDM မလုပ်သော အရပ်သားဝန်ထမ်းများ၏ မိသားစုများကို အရှက်ရစေရန်အတွက်လည်း အသုံးပြုခဲ့ကြသည်။

ဝန်ထမ်းအင်အားနှင့် အရင်းအမြစ်နည်းပါးလာသော ဝန်ကြီးဌာနများတွင် အလုပ်လုပ်ရခြင်းမှာ စိတ်ပျက်စရာဖြစ်သော်လည်းဘဲ CDM မပြုလုပ်သော ဝန်ထမ်းများအပေါ် CDMers များ၏ မကျေနပ်မှုများသည် အလွန်ပြင်းထန်သည်ကို တွေ့ရသည်။ ကျွန်ုပ်တို့ မေးမြန်းဆက်သွယ်သူအချို့က CDM မဟုတ်သော ဝန်ထမ်းများအား (တော်လှန်ရေးအပြီး) အစိုးရတွင် လုံးဝအလုပ်ပြန်လုပ်နိုင်ခြင်းမရှိရန် တားမြစ်လိုကြသည်။ အချို့က အစိုးရယန္တရားတွင်ဆက်ရှိလိုသော CDM မဟုတ်သူများအား သစ္စာရှိမှုရှိမရှိ စစ်ဆေးမှုများကဲ့သို့ အစီအစဥ်များဆောင်ရွက်သင့်ကြောင်း အဆိုပြုခဲ့ကြသည်။ အချို့ကမူ အဆိုပါ Non-CDMers များနှင့် ပတ်သက်ပြီး မည်သို့ဆောင်ရွက်သင့်သည်ကို မသိကြောင်းပြောဆိုကြသည်။ CDM မဟုတ်သူများသည် နွေဦးတော်လှန်ရေးနှောက်နှေးရခြင်းအတွက် အပြစ်တင်ခံရမည်ဖြစ်ကြောင်း ပြောဆိုချက်အား ကျွန်ုပ်တို့၏ မေးမြန်းမှုများအနက်နှစ်ကြိမ်သာတွေ့ရှိရသည်။ သို့သော် ထိုအမြင်သဘောထားမှာ လူအများအပြားတွင် ရှိနေနိုင်ပါသည်။ CDM မဟုတ်သူများနှင့် CDM သမားများအကြား ယုံကြည်မှုကို ပြန်လည်တည်ဆောက် ရခြင်း၊ သို့မဟုတ် အဆုံးစွန်သောအခြေအနေတွင် CDM မလုပ်သော ဝန်ထမ်းအားလုံးအား အစားထိုးရမည့် နည်းလမ်းကို ရှာဖွေရခြင်း

သည် တော်လှန်ရေးအလွန်ကာလတွင် စွမ်းဆောင်ရည်ရှိသော အစိုးရတစ်ရပ် တည်ဆောက်ရေးအတွက် အလွန်အရေးကြီးသည့် အကြောင်းအရာဖြစ်လာမည်ဖြစ်သည်။

## ပြည်တွင်းရှိ CDMers နှင့် ပြည်ပရောက် CDMers

မြန်မာနိုင်ငံမှထွက်ခွာရန် ရွေးချယ်ခဲ့ကြသော CDM သမားများနှင့် နိုင်ငံတွင်းနေထိုင်သူများအကြား အန္တရာယ်များနှင့် အကျိုးခံစားမှုများသည် အလွန်ကွဲပြားခြားနားပါသည်။ ထွက်ခွာသွားသူများသည် စစ်တပ်၏ ခြိမ်းခြောက်မှုမှ ကင်းလွတ်ပြီး ပိုမိုလုံခြုံသွားသော်လည်းဘဲ အများစုမှာ ယုံကြည်စိတ်ချရသော ပံ့ပိုးမှု အသိုက်အဝန်းများမရှိဘဲ ရှင်သန်နေကြရသည်။ နိုင်ငံအတွင်း နေထိုင်သူများသည် သူငယ်ချင်း၊ မိသားစုများနှင့် ပိုမိုနီးနီးကပ်ကပ်ရှိနေကြသော်လည်းဘဲ (လူတိုင်းအတွက်တော့ မဟုတ်ပါ) စစ်တပ်၏ နှိပ်စက်ညှဉ်းပန်းမှုကြုံရနိုင်ချေ ပိုများပါသည်။ ထို့ကြောင့် မည်သည့်ရွေးချယ်မှုက ပိုကောင်းသည်ဟု တိတိကျကျ သတ်မှတ်၍ မရနိုင်ပါ။ နိုင်ငံတွင်းမှထွက်ပြေးရန် ရွေးချယ်ကြသော CDM အများစုအတွက် အိန္ဒိယ (အဓိကအားဖြင့် မီဇိုရမ်ပြည်နယ်)၊ ထိုင်း (အဓိကအားဖြင့် မဲဆောက်၊ မယ်ဟောင်ဆောင်၊ ချင်းမိုင်၊ ချင်းရိုင်) နှင့် မြန်မာ-တရုတ်နယ်စပ် (အဓိကအားဖြင့် လိုင်ဇာအနီးတဝိုက်) ဟူ၍ ရွေးချယ်စရာသုံးခုရှိပါသည်။ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ၏ အုပ်ချုပ်ရေးမြို့တော် လိုင်ဇာတွင် အခြေစိုက်သူများနှင့် ဆက်သွယ် မေးမြန်းနိုင်ခြင်းမရှိခဲ့သဖြင့် အိန္ဒိယအရှေ့မြောက်နှင့် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ အခြေအနေများကို အလေးပေး ဖော်ပြသွားပါမည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံအတွင်းဆက်လက်နေထိုင်ရန် ရွေးချယ်ခြင်း၏ အထွေထွေ အကျိုးဆက်များကိုလည်း တင်ပြသွားမည်ဖြစ်သည်။ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်း - Ethnic Resistance Organization (ERO)များနှင့် ခိုင်မာသောအဆက်အသွယ်ရှိကြသော CDMers များသည် ယေဘုယျအားဖြင့် နိုင်ငံတွင်းမှ အောင်မြင်စွာထွက်ပြေးရန်အခွင့်အလမ်းများပါသည်။ NUG နှင့်သာ ချိတ်ဆက်မှုရှိသော CDMers များသည် နယ်စပ်ဖြတ်ကျော်ရန်အတွက် လုံလောက်သော အခွင့်အလမ်းများမရှိကြသော်လည်းဘဲနယ်စပ်နိုင်ငံများသို့ရောက်ရှိသည့်အခါ အဆိုပါချိတ်ဆက်မှုများအပေါ် မှီခိုအားထားနိုင်ကြသည်ကို တွေ့ရသည်။ CDM အတွက် EROs နှင့် NUG နှစ်ခုလုံးသည် လိုအပ်သော အထောက်အကူပြုအဖွဲ့များဖြစ်ကြသည်။ သို့သော် ERO များ၏ နယ်စပ်ဖြတ်ကျော်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် စစ်ပွဲကာလအတွင်း ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အတွေ့အကြုံများက CDMers များ၏ ရုပ်ဝတ္ထုဆိုင်ရာလိုအပ်ချက်များကို ဖြေရှင်းရာတွင် အထူးအရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြသည်ကို တွေ့ရသည်။

မီဇိုရမ်အခြေစိုက် CDM ပံ့ပိုးကူညီရေးအဖွဲ့အစည်းတစ်ခု၏ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မီဇိုရမ်ပြည်နယ်တွင် CDMers ဦးရေ (၁၀၀၀) နှင့် (၁၂၀၀) ကြားတွင်ရှိကြောင်း၊ အဖွဲ့အစည်းအနေဖြင့် လက်လှမ်းမမီသော ဒေသတစ်ခုရှိနေသေးသောကြောင့် စုစုပေါင်းအရေအတွက်မှာ ယခုထက်ပိုမိုများပြား နိုင်သည်ဟု ဆိုသည်။ CDM သမားများသည် အိမ်သန့်ရှင်းရေးနှင့် ဆောက်လုပ်ရေးကဲ့သို့သော ကျပန်းအလုပ်များ လုပ်ကိုင်နေကြပြီး တစ်ရက်လျှင် အိန္ဒိယရူပီး ၅၀၀ (အမေရိကန်ဒေါ်လာ ၆ ဒေါ်လာခန့်) အောက်သာ ရရှိကြကြောင်းသိရသည်။ အများစုမှာ အိန္ဒိယအစိုးရအသိအမှတ်ပြုသော အထောက်အထား စာရွက်စာတမ်းများ မရှိသောကြောင့် ယခုကဲ့သို့ အလုပ်ရှင်များ၏အမြတ်ထုတ်မှုကို ကြုံတွေ့နေရခြင်းဖြစ်သည်။ သို့သော် မီဇိုရမ်ပြည်နယ်အစိုးရသည် CDM သမားများ၊ ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံရေးသမားများအား အကူအညီများစွာပေးကြောင်း၊ အိန္ဒိယလူထုအခြေပြုအဖွဲ့အစည်းများနှင့် လက်တွဲ၍ ကူညီထောက်ပံ့ပေးလေ့ ရှိကြောင်းသိရသည်။ တဖက်တွင်မူ မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသူများနှင့် နယ်စပ်ဖြတ်ကျော်အဖျက်သမားများကိုမူ သတိကြီးစွာကိုင်တွယ်နေသည်ကို တွေ့ရ သည် (Times of India)။ အဆိုပါ CDM ထောက်ပံ့ရေးအဖွဲ့၏အဆိုအရ Aizawl မြို့ရှိ CDM သမားများသည် စုဖွဲ့မှုအတော်အသင့်ကောင်းပြီး NUG မှ ဒေါက်တာဇော်ဝေစိုးတို့၏ CDM ပံ့ပိုးမှုအစီအစဉ်များကို သိရှိထားသော်လည်းဘဲ NUG နှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံခြင်း သို့မဟုတ် ငွေကြေးပံ့ပိုးမှုများရရှိခြင်း မရှိသေးကြောင်းပြောဆိုပါသည်။

သို့သော် မြန်မာနိုင်ငံသားအများအပြားစုဝေးနေပြီး မြန်မာနိုင်ငံရေးသမားများစွာရှိနေသော ထိုင်းနိုင်ငံတွင်

မှု အခြေအနေများသည် ကွဲပြားခြားနားမှုရှိနေသည်။ အိန္ဒိယနှင့်နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံရှိ CDM သမားများ (အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့များမှ ဘက်ပြောင်းသွားသူများနှင့် NUG မှတာဝန်ရှိသူများနှင့် အဆက်အသွယ်ရှိသူများ) သည် NUG ၏ တိုက်ရိုက်အထောက်အပံ့အချို့ကို ရရှိထားကြသည်။ သို့ရာတွင် မြန်မာစစ်တပ်နှင့် ရင်းနှီးသောဆက်ဆံရေးရှိသည့် စစ်အစိုးရကထိန်းချုပ်ထားသော ထိုင်းနိုင်ငံသည် CDMers များကို ရန်လိုသည့် သဘောရှိပါသည်။ အိန္ဒိယရှိ CDMers များတို့သည် ၎င်းတို့၏ လုပ်အားများအတွက် အမြတ်ထုတ်ခြင်း ခံနေရသော်လည်းဘဲ ထိုင်းနိုင်ငံရှိ CDMers များ၏အခြေအနေမှာ ၎င်းတို့ထက်များစွာဆိုးရွားသည်ကို တွေ့ရသည်။ စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်နေကြသော အင်တာဗျူးဖြေဆိုသူအများအပြားက ၎င်းတို့သည် ရက်သတ္တပတ်များစွာ လုပ်အားခလုံးဝရရှိခြင်းမရှိကြောင်း ထုတ်ဖော်ပြောဆိုကြသည်။ ထိုင်းနိုင်ငံ အသိအမှတ်ပြု စာရွက်စာတမ်းမရှိသူများအတွက် တစ်ရက်လျှင် အနည်းဆုံးလုပ်အားခ ထိုင်းဘတ် ၃၄၅ (အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာခန့်) ရရှိရန်မှာ မည်သို့မျှမဖြစ်နိုင်ပေ။ ရွှေ့ပြောင်းအလုပ်သမားများ အတွက် ရည်ရွယ်သော ထိုင်းစာရွက်စာတမ်းပုံစံများသည် အရေအတွက်များပြားပြီး ရှုပ်ထွေးပါသည်။ မဲဆောက်ရှိ CDMers များ၏ အသုံးအများဆုံးသော အထောက်အထားမှာ မဲဆောက်ရဲတပ်ဖွဲ့က ထုတ်ပေးသည့် "ရဲကတ်များ" ဖြစ်ပြီး လစဉ်ကြေး ဘတ် ၆၀၀ ခန့် (အမေရိကန်ဒေါ်လာ ၁၈ ခန့်) (CDM သမားများအတွက်မူ အလွန်များပြားသောစရိတ်ဖြစ်သည်) ပေးရသည်။ အဆိုပါကတ်ရှိထားပါက ရွှေ့ပြောင်းသူများအား မဲဆောက်မြို့အတွင်းမှ ပြည်နှင်ဒဏ်ပေးခြင်း (သို့) ငွေညှစ်ခြင်းမှ ကာကွယ်ပေး ပါသည်။ သို့သော် အခြားခရိုင်တစ်ခုသို့ ဖြတ်ကျော်ဝင်ရောက်ပါက ဖမ်းဆီးခံရနိုင်၊ ငွေညစ်ခံရနိုင်၊ မြန်မာနိုင်ငံသို့ ပြန်ပို့ခံရနိုင်ခြေရှိပါသည်။

မြန်မာနိုင်ငံတွင် ကျန်ရှိနေသော CDM သမားများအတွက်မူ အန္တရာယ်အတိုင်းအတာမှာ ကွဲပြားမှုရှိပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အချို့သော CDM သမားများသည် ကြီးကြီးမားမားအရေးယူခံရခြင်းမရှိဘဲ ယခင်လုပ်ငန်းခွင်များသို့ ပြန်နိုင်ကြသည်။ အချို့မှာမူ ပြင်းထန်သောဖိအားများ၊ အကျပ်ကိုင်မှုများကြောင့် အလုပ်ပြန်ဝင်ကြရသည်။ နေပြည်တော်ရှိအုပ်ချုပ်သူများက သိရှိထားသော ထင်ရှားကျော်ကြားသည့် CDMer များအတွက်မူ ၎င်းတို့၏ နိုင်ငံကူးလက်မှတ်စာရင်းများကို လူဝင်မှုကြီးကြပ်ရေးအရာရှိများက စောင့်ကြည့်နေခြင်းကြောင့် တရားဝင်လမ်းကြောင်းများမှ နိုင်ငံပြင်ပသို့ထွက်ရန်မှာ မဖြစ်နိုင်ပေ။ စစ်ကောင်စီ အာဏာရှိနေသရွေ့ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ CDMers အများအပြားခံစားနေကြရသော မျှော်လင့်ချက် ကင်းမဲ့မှုနှင့် စိတ်ပျက်အားငယ်မှုများကို မြန်မာနိုင်ငံတွင်းရှိ သောင်းနှင့်ချီသော CDM သမားများလည်း ခံစားနေကြရသည်။ လက်နက်ကိုင်ပဋိပက္ခအတွင်း လက်တွေ့အသုံးချနိုင်သောကျွမ်းကျင်မှုရှိသည့် CDMer များ (ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့မှ ထွက်ပြေးလာသူများ၊ အစားအသောက်နှင့် စိုက်ပျိုးရေး ကျွမ်းကျင်သူများ) အတွက်မူ နိုင်ငံအတွင်းတွင် ၎င်းတို့နှင့်စပ်ဆိုင်သောအလုပ်များကို လုပ်ကိုင်ရန် အခွင့်အလမ်းအချို့ရှိပါသည်။ သို့သော် အဆိုပါအလုပ်များအတွက်လည်း ထောက်ပံ့ငွေ အကန့်အသတ်သာ ရရှိကြသည်။ လက်နက်ကိုင်တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်ကူညီနေသူများသည် ၎င်းတို့၏အသက်ကိုရင်း၍ ပါဝင်နေကြခြင်းဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍတွင် အလုပ်အကိုင်ရရှိရန် ကြိုးပမ်းနေကြသော CDM သမားများ ရှိသော်လည်းဘဲ စစ်တပ်၏ စဉ်ဆက်မပြတ်ဖိအားပေးမှုများကြောင့် ၎င်းတို့တွင် စိန်ခေါ်မှုများစွာ ရှိနေပါ သည်။ CDMers များအား အလုပ်ခန့်ထားသည်ကိုတွေ့ရှိပါက အဆိုပါလုပ်ငန်းများကို စစ်တပ်က အပြီးတိုင် ပိတ်သိမ်းခြင်း (သို့) လုပ်ငန်းလိုင်စင်များ ရုတ်သိမ်းသည့် ဖြစ်ရပ်အချို့ရှိခဲ့သည်။ သို့သော် အဆိုပါ အခြေအနေသည် CDM သမားတိုင်း ကြုံတွေ့ရခြင်းမဟုတ်ဘဲ အထင်ကရရှိသော CDM သမားများနှင့် တိုင်ကြားခြင်းခံရသော CDM သမားများ အများအားဖြင့် ကြုံတွေ့ရခြင်းဖြစ်ကြောင်း ပြည်တွင်းအဖွဲ့အစည်း တစ်ခုတွင် အလုပ်လုပ်နေသော CDMer တစ်ဦး၏ ပြောဆိုချက်အရ သိရသည်။ CDM ပြုလုပ်သူ အရေအတွက် သိန်းချီရှိနေသေးသောကြောင့် စစ်တပ်သည် အယောက်စီတိုင်း၏ အမည်နှင့် နောက်ခံ အချက်အလက်များကို စာရင်းပြုစုရန်မှာမဖြစ်နိုင်ပေ။ သို့သော် အဓိကထောက်ပြလိုသည့်အချက်မှာ CDM သမားများသည် ပုဂ္ဂလိကကဏ္ဍသို့ ပြောင်းလဲလုပ်ကိုင်လျှင်တောင်မှ စစ်အစိုးရ၏ အရေးယူခံရခြင်းမှ ကင်းလွတ်ခြင်းမရှိကြပါ။

CDM ပြုလုပ်သူများ မြန်မာနိုင်ငံမှ ထွက်ပြေးရခြင်း၏ အဓိကအကြောင်းရင်းမှာ အသက်ဆက်လက်

ရှင်သန် ရပ်တည်နိုင်ရန်ဖြစ်သည်။ ခြုံငုံကြည့်ပါက နိုင်ငံအတွင်းရှိ CDMers များကို ပံ့ပိုးခြင်းသည် လှုပ်ရှားမှုအတွက် လက်ငင်းဖြေရှင်းရမည့် အကြီးမားဆုံးပြဿနာပင်ဖြစ်သည်။ နိုင်ငံပြင်ပရှိ CDMers များထက် နိုင်ငံအတွင်း ကျန်ရှိနေသော CDMers များသည် စစ်ကောင်စီကို တိုက်ရိုက်ခုခံတော်လှန်ရာတွင် (သို့မဟုတ် အစားထိုး အုပ်ချုပ်ရေးယန္တရားများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တည်ဆောက်ရန်) ပိုမိုကောင်းမွန်သည့် အနေအထားတွင်ရှိနေသည်။ မြန်မာနိုင်ငံပြင်ပရှိ ကျွန်ုပ်တို့ ဆက်သွယ်ပြောဆိုခဲ့သော CDM သမားအားလုံး ကလည်း နိုင်ငံအတွင်း ၎င်းတို့ရှိမနေခြင်းက စစ်အစိုးရကို မြန်မြန်ဆန်ဆန်ဖြုတ်ချရန် ပိုမိုခက်ခဲစေမည် ဖြစ်ကြောင်း ဝန်ခံကြပါသည်။ မည်သို့ပင်ဆိုစေကာမူ အိန္ဒိယနှင့် ထိုင်းနိုင်ငံရှိ CDMers အများစုသည် ဒုက္ခသည်အဖြစ် တတိယနိုင်ငံသို့သွားရောက်နိုင်ရန် စောင့်ဆိုင်းနေကြပါသည်။ မဲဆောက်သည် အိုင်ဖောမြို့ထက် ထွက်ပြေးခိုလှုံသူဦးရေပိုများရသည့် အကြောင်းအရင်းတစ်ရပ်မှာ UNHCR ရုံးရှိနေခြင်းနှင့် ခိုလှုံခွင့်တိုက်ရိုက်လျှောက်ထားရန် အခွင့်အလမ်းရှိခြင်းကြောင့်ဖြစ်သည်။ ထို့အတွက်ကြောင့် CDM သမားများအားလုံး၏ အခြေခံတူညီသောအချက်မှာ ၎င်းတို့မည်သည့်နေရာတွင်ရှိနေပါစေ နေ့စဉ်ရှင်သန် ရပ်တည်ရန် ခက်ခဲစွာရုန်းကန်နေရဆဲဖြစ်သည်။ နိုင်ငံအတွင်းမှ ထွက်ပြေးတိမ်းရှောင်ခြင်းက စစ်တပ်၏ တိုက်ရိုက်ခြိမ်းခြောက်မှုများမှ ကင်းလွတ်နိုင်သော်လည်းဘဲ အခြားသောအန္တရာယ်များနှင့် ဝန်ထုပ်ဝန်ပိုးများ ရှိနေပါသေးသည်။

## CDM အတွင်းရှိ လူမျိုးနှင့် ဘာသာစကား ကွဲပြားမှုများ

လူမျိုးနှင့်ဘာသာစကားအပေါ်မူတည်၍ CDMers များလက်လှမ်းမီသော အခွင့်အလမ်းများသည်လည်း ကွာခြားနိုင်ပါသည်။ အထူးသဖြင့် ချင်းနှင့်ကရင်အသိုင်းအဝိုင်းများနှင့် အချိတ်အဆက်ရှိသော CDMers များ အကြားတွင် အဆိုပါအချက်သည် ထင်ရှားသည်။ ချင်းလူမျိုး CDMers များ သို့မဟုတ် မီဇိုရမ်ပြည်နယ်နှင့် ယဉ်ကျေးမှုအရရော ဘာသာစကားအရပါ ဆက်စပ်မှုများစွာရှိနေသော ချင်းပြည်နယ်နှင့် ခိုင်မာသော ဆက်သွယ်မှုများရှိသည့် CDMers များသည် နယ်စပ်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ပိုမိုလွယ်ကူစွာသွားလာနိုင်ပါသည်။ ကရင်လူမျိုး (သို့) ကရင်အသိုင်းအဝိုင်းနှင့် ခိုင်မာသောဆက်ဆံရေးရှိသည့် CDMers များသည်လည်း အလားတူအခွင့်အလမ်းမျိုးရရှိကြသည်။ KNU နှင့် ၎င်းနှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများသည် အခြားဒေသများမှ ထွက်ပြေးခိုလှုံလာသော CDMers များကို လက်ခံကူညီပေးရာတွင် ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ KNU နှင့်ဆက်နွယ်နေသော လက်နက်ကိုင်အဖွဲ့များသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF) များအား ထောက်ပံ့ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိပါသည်။ ကရင်လူမျိုး CDMers များသည် ကရင်လူဦးရေများစွာ (လတ်တလောရောက်ရှိနေသော ကရင်ဒုက္ခသည်များ သာမက ခေတ်သစ် ထိုင်း-မြန်မာနယ်နိမိတ်မပေါ်ပေါက်ခင်ကတည်းက ထိုင်းနိုင်ငံတွင် အခြေချနေကြသော ဌာနေတိုင်းရင်းသားများ) ရှိနေသော ထိုင်းနိုင်ငံတွင် အခြားသူများထက် ချိတ်ဆက်ဆက်သွယ်မှုပြုလုပ် ရာတွင် ပိုမိုလွယ်ကူကြသည်ကိုတွေ့ရသည်။ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်သူများသည် ၁) ဗမာ မဟုတ်ကြောင်း၊ ထိုင်းလူမျိုးမဟုတ်သော အချက်အလက်ခိုင်ခိုင်မာမာဖော်ပြနိုင်သူ ၂) ထိုင်းဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သူဖြစ်ပါက “တောင်ပေါ်နေထိုင်သူကတ်” လျှောက်ထားနိုင်သည်။ အဆိုပါကတ်သည် အထက်တွင်ဖော်ပြခဲ့သည့် “ရဲကတ်” နှင့် အခြားထိုင်းနေထိုင်ခွင့်အထောက်အထားများထက် ကန့်သတ်ချက် ပိုမိုနည်းပါးပါသည်။

အင်တာဗျူးဖြေဆိုသူများထံမှ သိရှိရသော သာဓကများအရ မြန်မာနိုင်ငံအထက်ပိုင်းရှိ ဗမာဝန်ထမ်းများ (သို့) ရန်ကုန်ရှိ ဗမာသီးသန့်အသိုင်းအဝိုင်းများမှလာသော CDMers များသည် နယ်စပ်ဒေသများရှိ လူမျိုးများနှင့်ဆက်နွယ်မှုရှိသူများနှင့် နှိုင်းယှဉ်ပါက နယ်စပ်ဖြတ်ကျော်ဝင်ရောက်ရန် အခက်အခဲများစွာကြုံတွေ့ရကြောင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်သော ပွဲစားများ၏ ပစ်မှတ်ထားမှုကို ခံရလေ့ရှိကြောင်း သိရသည်။ တဖက်တွင်မူ ဗမာစကားကျွမ်းကျင်သော CDMers များသည် ဗမာစကားကျွမ်းကျင်ခြင်းမရှိသူများထက် တိုင်ပင်ဆွေးနွေးမှု ပေးသော ဝန်ဆောင်မှုများနှင့် စာရွက်စာတမ်းများကို အသုံးချနိုင်ရန် ပိုမိုလွယ်ကူသည်ကို တွေ့ရသည်။

စိတ်ကျန်းမာရေးဆိုင်ရာပံ့ပိုးကူညီမှုသည် CDMer အားလုံးနီးပါးအတွက် အရေးတကြီးလိုအပ်သော်လည်းဘဲ အဆိုပါဝန်ဆောင်မှုများအများစုသည် ဗမာ (မြန်မာ) သို့မဟုတ် အင်္ဂလိပ် ဘာသာစကားဖြင့်သာ ရေးသားဖော်ပြထားကြပါသည်။ ထို့အပြင် NUG နှင့် အခြားသော CDM ပံ့ပိုးကူညီမှု အဖွဲ့များမှ ပံ့ပိုးပေးလျက်ရှိသော အွန်လိုင်းအခြေပြုဝန်ဆောင်မှုများ၊ သင်တန်းများနှင့် စာရွက်စာတမ်းများ အားလုံးနီးပါးသည်လည်း ဗမာ (မြန်မာ) သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်သာ ရရှိနိုင်သည်ကို တွေ့ရသည်။

အလားတူပင် အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းသော CDMer များသည် မတတ်ကျွမ်းသူများထက်စာလျှင် နိုင်ငံတွင်းမှ ထွက်ခွါရာတွင် ပိုမိုလွယ်ကူသည်ကို တွေ့ရသည်။ ၎င်းတို့ရရှိသော အကူအညီအရင်းအမြစ်များသည်လည်း အင်္ဂလိပ်စကားမပြောတတ်သူများထက် ပိုများပြားပါသည်။ နေပြည်တော်အခြေစိုက် ဝန်ကြီးဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့သော CDMer တစ်ဦးသည် နိုင်ငံပြင်ပသို့ အလွယ်တကူထွက်ပြေးနိုင်ခဲ့ပြီး ၎င်း၏ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုကြောင့် အရှေ့အလယ်ပိုင်းရှိ ပုဂ္ဂလိကကုမ္ပဏီတစ်ခုတွင် အလားတူလုပ်ငန်းမျိုးတွင် အလုပ်ရရှိခဲ့သည်။ ကျွန်ုပ်တို့ဆွေးနွေးမေးမြန်းခဲ့သော နောက်ထပ် CDMer တစ်ဦးသည်လည်း ဥရောပအခြေစိုက် သုတေသနအင်စတီကျူတစ်ခုတွင် သုတေသနရာထူးဖြင့် အလုပ်လုပ်ကိုင်နေသည်။ နိုင်ငံခြားအဖွဲ့အစည်းများမှ CDM များအတွက် မရေတွက်နိုင်သော ပညာရေးနှင့် သင်တန်းများစွာကို ဆောင်ရွက်ပေးနေကြသော်လည်းဘဲ အများစုမှာ အင်္ဂလိပ်ဘာသာဖြင့်သာ သင်ကြားပို့ချနေကြသည်ကို တွေ့ရသည်။ မြန်မာလူမျိုးများဦးဆောင်သော သင်ကြားရေးအစီအစဉ်များသည် အများအားဖြင့် ဗမာစကား အသုံးပြုလေ့ရှိသော်လည်းဘဲ ဗမာစကားဖြင့်ရေးသားထားသော သင်ရိုးညွှန်းတမ်းများမှာမူ ရှားပါးပါသည်။ အထက်တွင်ဖော်ပြထားသော NUG ခေါင်းဆောင်ပိုင်းနှင့် အငယ်တန်း CDMer များအကြား ကွဲလွဲမှုများကဲ့သို့ပင် ဘာသာစကားအခြေပြုကွာဟမှုသည် အာဏာသိမ်းမှုမတိုင်မီကာလကရှိနေသော လူတန်းစားနှင့် ပညာရေးကွာဟမှုအခြေအနေတို့ကို ရောင်ပြန်ဟပ်နေခြင်းဖြစ်ပါသည်။ အဆိုပါအခြေအနေသည် CDM လှုပ်ရှားမှုဖြစ်ပေါ်လာပြီးမှ ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ အာဏာသိမ်းမှုကြောင့် သိသာထင်ရှားလာသော ကွာဟချက်တစ်ခုဖြစ်ပါသည်။

## လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဘက်ပြောင်းမှု - ပမာဏသေးငယ်သော်လည်းဘဲ အရေးကြီးသော အစုအဖွဲ့

ယခုစာတမ်းအတွက် တွေ့ဆုံမေးမြန်းခဲ့သူများတွင် လုံခြုံရေးကဏ္ဍမှဘက်ပြောင်းလာသူများ အနည်းငယ်သာ ပါဝင်ပါသည်။ ၎င်းတို့သည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု ရေရှည်အောင်မြင်မှုအတွက် အရေးကြီးဆုံးအချက်ဖြစ်နိုင်သောကြောင့် အထူးအလေးပေးအာရုံစိုက်ခြင်းကိုခံရပါသည် (Stephan and Chenoweth 2008)။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောအခြေအနေများသည် အတန်ငယ်ရှုပ်ထွေးနေသည်ကို တွေ့ရသည်။ အကြောင်းမှာ စစ်ဘက်နှင့်ရဲတပ်ဖွဲ့မှ ထွက်ပြေးလာသူအများအပြားကလည်း PDFs များကို သင်တန်းပေးခြင်းအပြင် အခြားအခန်းကဏ္ဍများစွာတွင် ပါဝင်နေသဖြင့် အကြမ်းဖက်လှုပ်ရှားမှု (လက်နက်ကိုင်လှုပ်ရှားမှု) နှင့် အကြမ်းမဖက်အာဏာဖီဆန်ရေး လှုပ်ရှားမှုနှစ်ခုစလုံးကို ပံ့ပိုးနေသကဲ့သို့ ဖြစ်နေပါသည်။ NUG နှင့် နွေဦးတော်လှန်ရေး၏ အခြားသောအားပေးထောက်ခံသူများအနေဖြင့် လုံခြုံရေးကဏ္ဍ၏ CDM ပါဝင်မှုများပြားလာရေးကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်သင့်ပါသည်။ ယခုစာပိုဒ်တွင် ၎င်းတို့ဘက်ပြောင်းလာရသည့် အကြောင်းအရင်းများကိုဆွေးနွေးထားပြီး သုံးသပ်မှုအကျဉ်းချုပ်တွင် အနာဂတ်တွင် လုံခြုံရေးကဏ္ဍမှ ဘက်ပြောင်းမှု ပိုမိုများပြားလာစေနိုင်မည့် နည်းလမ်းများနှင့် အဆိုပါကဏ္ဍရှိ CDMers များအနေဖြင့် တော်လှန်ရေးပြီးနောက် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် အသုံးချနိုင်မည့် နည်းလမ်းအချို့ကို တင်ပြဆွေးနွေးထားပါသည်။

စစ်သားဟောင်းတစ်ဦး၊ ရဲအရာရှိဟောင်းတစ်ဦးနှင့် တပ်မှဘက်ပြောင်းလာသူများအား ဘဝသစ် စတင်နိုင်

စေရန် ကူညီပေးနေသည့်အဖွဲ့အစည်းတစ်ခုရှိ စေတနာ့ဝန်ထမ်းတစ်ဦးတို့ကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ပြည်သူ့ရင်ခွင်မှ ဘက်ပြောင်းလာသူအရေအတွက်သည် ထောင်ဂဏန်းရှိသည်ဟုဆိုသည်။ စာတမ်းအတွက် တွေ့ဆုံမေးမြန်းထားသူ နှစ်ဦးစလုံးသည် တကိုယ်တည်းလှုပ်ရှားခဲ့ကြသူများဖြစ်သည်။ လူမှုရေး ဖိအား များစွာကြုံတွေ့ခဲ့ရသော ကျန်းမာရေးနှင့်ပညာရေးကဏ္ဍမှ ဝန်ထမ်းများနှင့်မတူဘဲ ၎င်းတို့နှစ်ဦးစလုံး သည် အာဏာသိမ်းပြီးနောက် လအတော်ကြာသည်အထိ ၎င်းတို့၏ရာထူးများတွင်ပင် ရှိနေခဲ့ကြသည်။ ဖြစ်ရပ် နှစ်ခု စလုံးတွင် အာဏာသိမ်းပြီးနောက် လုပ်ဖော်ကိုင်ဖက်များ၏ ရက်စက်ကြမ်းကြုတ်မှုအပေါ် မျက်မြင် ကြုံတွေ့ခဲ့ ရပြီးနောက် CDM တွင် ပါဝင်ရန် ကိုယ်ပိုင်းဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏ တွေ့ကြုံမှု ဖြစ်စဉ်များကို အတိုချုံးဖော်ပြရပါက -

- ဘက်ပြောင်းသူ (၁) သည် ရန်ကုန်မြို့တွင် အခြေစိုက်သောတပ်ဖွဲ့တစ်ခုမှ စစ်သားဖြစ်ပြီး အာဏာသိမ်းပြီးနောက် ရန်ကုန်မြို့ ယာဉ်ကြောထိန်းချုပ်မှုစောင့်ကြည့်ရေးဌာနတွင် တာဝန်ကျခဲ့ သည်။ စစ်တပ်နှင့်ရဲများ၏ ရက်စက်ကြမ်းကြုတ်မှုများအား ၎င်းစောင့်ကြည့်နေသော CCTV ကင်မရာ များမှတဆင့် မျက်မြင်တွေ့ခဲ့ရပြီးနောက် စစ်တပ်တွင်ပါဝင်လိုစိတ်မရှိတော့သဖြင့် ERO သို့မဟုတ် PDF များ၏ အကူအညီ မပါဘဲ နိုင်ငံတွင်းမှ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံ ရှိ NUG ကိုယ်စားလှယ်တစ်ဦးနှင့် တွေ့ဆုံခဲ့ပြီး အဆိုပါပုဂ္ဂိုလ်၏အကူအညီဖြင့် နေရေးထိုင်ရေး အဆင်ပြေခဲ့သော်လည်းဘဲ အခြားသော ပံ့ပိုးမှုများကိုမူ လက်ခံရရှိခြင်းမရှိကြောင်း သိရသည်။
- ဘက်ပြောင်းသူ (၂) သည် ရာဇဝတ်မှုစုံစမ်းရေးရဲအရာရှိဖြစ်ပြီး ဆေးရုံတစ်ရုံကို ကာကွယ်ရန်နှင့် ကျန်းမာရေးဝန်ထမ်းများ သပိတ်မှောက်ခြင်းနှင့် CDM ပါဝင်ခြင်းမှတားဆီးရန် တာဝန်ပေးအပ် ခံရသည်။ စစ်တပ်နှင့်ရဲများ၏ အကြမ်းဖက်မှုကြောင့် ဒဏ်ရာရရှိသူပြည်သူအများအပြား သူ စောင့်ကြပ်နေသော ဆေးရုံသို့ရောက်ရှိလာပြီးနောက် ဘက်ပြောင်းရန်စတင်စဉ်းစားခဲ့သော်လည်း ဘဲ (၂၀၂၁) ခုနှစ် မိုးရာသီ တစ်လျှောက်လုံး ၎င်း၏မူလတာဝန်တွင် ဆက်ရှိနေခဲ့ကြောင်းသိရသည်။ သူငယ်ချင်း၏ အစ်ကိုတစ်ဦး ဆန္ဒပြနေစဉ် ရဲများ၏သတ်ဖြတ်ခြင်းကို ခံခဲ့ရသောအခါ ၎င်းသည် အလုပ်မှအနားယူပြီး CDM တွင်ပါဝင်ရန်ဆုံးဖြတ်ခဲ့သည်။ ကျန်းမာရေးခွင့်ယူပြီး ၎င်း၏ဇာတိမြို့ သို့ ပြန်သွား၍ လုပ်ဖော်ကိုင်ဖက်အချို့က ၎င်းကို CDM ဖြစ်သွားပြီလားဟု မေးကြကြောင်း၊ ၎င်းနှင့် ပူးပေါင်းရန်  လုပ်ဖော်ကိုင်ဖက်များအား တိုက်တွန်းလိုသော်လည်းဘဲ မိသားစု၏ လုံခြုံရေးအတွက် စိုးရိမ်ကာ ကိုဗစ် ကူးစက်ခံထားရသည်ဟု အကြောင်းပြကာ နေအိမ်တွင် ရက်ပိုကြာနေထိုင်ခဲ့သည်။ ထို့နောက် ကေအဲန်ယူ ထိန်းချုပ်နယ်မြေသို့ တိုးတိုးတိတ်တိတ်သွားပြီး PDF သင်တန်းဆရာအဖြစ် တော်လှန်ရေးတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါဘက်ပြောင်းသူနှစ်ဦးစလုံးသည် ရှင်းလင်းတိကျသောကျင့်ဝတ်ဆိုင်ရာအကြောင်းပြချက်များဖြင့် ၎င်း တို့၏ရာထူးမှ နုတ်ထွက်သွားခြင်းဖြစ်ကြောင်းကို မီးမောင်းထိုးပြလိုပါသည်။ CDM သည် ကြီးမားသော လူထု လှုပ်ရှားမှုတစ်ခုအဖြစ်ရှိနေသည်ကို ၎င်းတို့သိရှိနားလည်ထားသော်လည်းဘဲ ၎င်းတို့၏ရာထူးမှ နုတ်ထွက် ရန် အဓိကတွန်းပို့သောဖိအားများမှာ ၎င်းတို့၏ ကျင့်ဝတ်ဆိုင်ရာဆင်ခြင်သုံးသပ်မှုပင်ဖြစ်သည်။ အဆိုပါ အချက်က စိန်ခေါ်မှုသာမက ဒီမိုကရေစီလိုလားသူများအနေဖြင့် ဘက်ပြောင်းမှုအရေအတွက် တိုးပွား လာစေ ရေးနှင့် ဘက်ပြောင်းပြီးသူများနှင့် ပိုမိုဗျူဟာမြောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ညွှန်ပြ နေပါသည်။ စစ်သားများ CDM တွင် ပါဝင်ရသည့်အကြောင်းအရင်းက လူမှုရေးထက်စာလျှင် ကျင့်ဝတ်ဆိုင်ရာ ဖိအားဖြစ်နေခြင်းက စိန်ခေါ်မှုပင်ဖြစ်သည်။ အကြောင်းမှာ ကျင့်ဝတ်ဆိုင်ရာဖိအားသည် ကျယ်ပြန့်သော လှုပ်ရှားမှုဖြစ်စေနိုင်သော လူမှုဖိအားကဲ့သို့ အလွယ်တကူတွန်းပို့ခြင်း မပြုနိုင်သောကြောင့် ဖြစ်သည်။ မည်သို့ ပင်ဆိုစေကာမူ ပြည်သူ့ပန်းတိုင်နှင့် ပြည်သူ့ရင်ခွင်အဖွဲ့များသို့ ချိတ်ဆက်ဆက်သွယ် ခဲ့ကြသော စစ်သား ထောင်ပေါင်းများစွာအပါအဝင် အဆိုပါစစ်သားများ၏ ဖြစ်ရပ်များက ၎င်းတို့၏ ကိုယ်ပိုင် တန်ဖိုးများနှင့် ကျင့်ဝတ်ဆိုင်ရာယုံကြည်ချက်များကို စစ်တပ်က အပြည့်အဝလွှမ်းမိုးချုပ်ကိုင်နိုင်ခြင်း မရှိသည်ကို ဖော်ပြ

နေသည်။ လုံခြုံရေးကဏ္ဍမှ CDM ပါဝင်လာသူဦးရေများပြားလာစေရန် ဖိအားပေးနိုင်မည့် ချက်ကောင်းလည်း ဖြစ်နိုင်သည်။

## ရှိနှင့်ပြီးသော ပံ့ပိုးမှုများ

ဤအပိုင်းတွင် CDMers များအတွက် ရှိနှင့်ပြီးသော ပံ့ပိုးမှုများ၊ ဆက်စပ်လျှက်ရှိသော အန္တရာယ်နှင့် ပြဿနာ အချို့နှင့် ပိုမိုကောင်းမွန်လာစေရေးအတွက် အကြံပြုချက်အချို့ကို သုံးသပ်ဆွေးနွေးသွားပါမည်။ တိတိကျကျ ဖော်ပြရလျှင် က) CDMers များအတွက် အလုပ်အကိုင်ဖော်ဆောင်ပေးနိုင်မည့် အစားထိုးယန္တရားများ (ဥပမာ၊ ပုဂ္ဂလိက ဆေးခန်းများနှင့် အမှီအခိုကင်းသော ပညာရေးအဖွဲ့အစည်းများ)၊ ခ) NUG ၏ အခန်းကဏ္ဍနှင့် ဂ) ERO များ၏ အခန်းကဏ္ဍတို့ဖြစ်ကြသည်။ ဆွေးနွေးတင်ပြထားသော အချက်အလက်အများအပြားသည် CDMers များကိုယ်တိုင်နှင့် အခြားသောအရင်းအမြစ်များထံမှရရှိထားခြင်းဖြစ်သည်။ ဤအစပျိုး လုပ်ဆောင်မှုအများစုသည် အောက်ခြေလူထုကိုယ်တိုင်က အကောင်အထည်ဖော်ထားခြင်းဖြစ်ပြီး CRPH/NUG က ဦး ဆောင်လုပ်ကိုင်နေသော CDM ထောက်ပံ့ရေးစနစ်များလည်းရှိပါသည်။ အဆိုပါ အစပျိုးမှုများကို နောက်ပိုင်း တွင် အသေးစိတ်ဆွေးနွေးသွားပါမည်။

### CDMers များအတွက် ရန်ပုံငွေရှာဖွေခြင်း

CDM ပြည်သူ့ဝန်ထမ်းများအား ငွေကြေးထောက်ပံ့ရန်အတွက် (၂၀၂၀) ခုနှစ် အထွေထွေရွေးကောက်ပွဲ တွင် ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည့် ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြုကော်မတီသည် CRPH-Official Fundraising Program (CRPH-OFP) ကို (၂၀၂၁) ခု နှစ် ဧပြီလတွင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် ပါဝင်သူအများစုမှာ နိုင်ငံတကာရှိ မြန်မာ အသိုင်း အဝန်းများဖြစ်ပြီး ကော်မတီ၏ တရားဝင်အသိအမှတ်ပြုမှုဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် အပတ်စဉ် သို့မဟုတ် လစဉ်ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများကို လုပ်ဆောင်ကြသည် (Anonymous 2021)။ (၂၀၂၁) ခုနှစ် ဩဂုတ်လ တွင် NUG ၏ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက CDM သမားများကို ထောက်ပံ့ရေး ငွေကျပ် (၂၀) ဘီလီ ယံ (အမေရိကန်ဒေါ်လာ ၁၁ သန်း) ရရှိရန်ရည်ရွယ်ချက်ဖြင့် “နွေဦးထီ” ဟုခေါ်သော အွန်လိုင်း အခြေပြုထီ လုပ်ငန်းကို စတင်ခဲ့ပါသည်။ ဝင်ငွေစုစုပေါင်း (၇၀) ရာခိုင်နှုန်းကို CDM အတွက် အသုံးပြုပြီး (၃၀) ရာခိုင်နှုန်း ကို လစဉ်ဆုများအဖြစ်ပေးအပ်မည်ဖြစ်ကြောင်းကြေညာခဲ့သည်။ လုံခြုံရေးအကြောင်းပြချက်နှင့် ထီအတွက် အသုံးပြုသော အကောင့်များကို စစ်တပ်က ပိတ်ပင်ခြင်းကြောင့် အစီအစဉ်ကို ယာယီရပ်ဆိုင်းခဲ့ရ သော်လည်း ဘဲ အမေရိကန်ဒေါ်လာ (၈) သန်းအထိ ရှာဖွေနိုင်ခဲ့သည် (Abuza 2022)။

နွေဦးထီ၏တရားဝင်စာမျက်နှာတွင် ၎င်းတို့အနေဖြင့် CDM ပါဝင်သူ (၁၈၀,၀၀၀) ကျော်နှင့် ချိတ်ဆက်ထား ပြီး ၎င်းတို့အနက် (၅၀) ရာခိုင်နှုန်းခန့်သည် ပညာရေးဝန်ကြီးဌာနမှဖြစ်ကြောင်း၊ (၂၀၂၂) ခုနှစ် ဩဂုတ်လ (၃) ရက်နေ့အထိ CDMers တစ်သောင်းကျော်ကို ငွေကြေးထောက်ပံ့ပေးထားနိုင်ခဲ့ကြောင်းဖော်ပြထားသည်။ NUG ၏ ဆောင်ရွက်မှုများအပြင် One-to-One CDM အစီအစဉ်နှင့် ဝိုင်းကြီးချုပ်ကဲ့သို့သော ပြည်သူများ ကိုယ်တိုင် စတင်သည့် ရန်ပုံငွေရှာဖွေရေးအစီအစဉ်အချို့လည်းရှိပါသည်။ အဆိုပါအစီအစဉ်များသည် အလှူငွေကျပ် သန်းရာနှင့်ချီရှာဖွေနိုင်ခဲ့ပြီး CDMer ထောင်ပေါင်းများစွာကို ပံ့ပိုးပေးနိုင်ခဲ့သည်။ သို့သော် အွန်လိုင်းငွေပေးချေ မှုများအပေါ် စစ်တပ်၏တင်းကျပ်သော ထိန်းချုပ်မှုနှင့် လက်နက်ကိုင်လှုပ်ရှားမှုအပေါ် လူထု၏ စိတ်ဝင်စားမှု တိုးလာခြင်းကြောင့် CDMers များအတွက် ရန်ပုံငွေများသည် (၂၀၂၂) ခုနှစ်အတွင်း သိသိသာသာလျော့နည်း သွားသည်ကို တွေ့ရသည်။

### ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အစပျိုးမှုများ - အောင်မြင်မှုများနှင့် ဆုတ်ယုတ်မှုများ

ချင်းပြည်နယ်အခြေစိုက် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်တစ်ဦးက ၎င်းတို့ထိန်းချုပ်မှုအောက်ရှိ ကျေးရွာ

များတွင် CDM ဆရာများအပါအဝင် ဆရာပေါင်း ငါးထောင်ကျော်သည် စေတနာ့ဝန်ထမ်းများအဖြစ် ကျောင်းများတွင် သင်ကြားပို့ချနေကြကြောင်း၊ CDM ကျန်းမာရေးဝန်ထမ်းအချို့ကလည်း ရွေ့လျားဆေးပေးခန်းများအဖြစ် လုပ်ဆောင်နေကြကြောင်းပြောဆိုပါသည်။ ၎င်းအနက်အချို့သာ ဒေသခံများ (သို့) နိုင်ငံရပ်ခြားရှိမြန်မာအသိုင်းအဝန်းများထံမှ ပုံမှန်အလှူငွေများ (သို့) တယ်လီဖုန်းခများကို လက်ခံရရှိကြောင်း သိရသည်။ အထူးသဖြင့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ERO များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်ပါဝင်ကြသည်။ ဥပမာ - ရှမ်းမြောက်ပိုင်းရှိ TNLA (တအောင်း) ထိန်းချုပ်နယ်မြေများတွင် CDM ဆရာဝန်များနှင့် သူနာပြုများကို နေရာထိုင်ခင်းများစီစဉ်ပေးထားပြီး TNLA ဆေးမှူးများနှင့်အတူ အလုပ်တွဲလုပ်ရန်အတွက် ဝင်ငွေနှင့် စားစရိတ်များ (အကန့်အသတ်ရှိသော်လည်း) ထောက်ပံ့ပေးထားသည်ကိုတွေ့ရသည်။ ယင်းသို့သောကျန်းမာရေးဆိုင်ရာ CDM များအတွက် အခွင့်အလမ်းများရှိနေသော်လည်း ပညာရေးဆိုင်ရာ အစီအစဉ်များ သည် CDM ဝန်ထမ်းအများအပြားကို ခန့်အပ်နိုင်ခြင်း၊ အစားထိုးပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများ ပြုလုပ်နိုင်ခြင်းတို့ကြောင့် အအောင်မြင်ဆုံးကဏ္ဍအဖြစ်တည်ရှိနေသည်။ တစ်ချိန်တည်းမှာပင် အဆိုပါအစီအစဉ်များသည် လွဲချော်မှုများလည်းကြုံတွေ့နိုင်ပါသည်။ အောင်မြင်သောဖြစ်ရပ်တစ်ခုနှင့် မအောင်မြင်သောဖြစ်ရပ်တစ်ခုတို့ကို ဥပမာအဖြစ်ဖော်ပြသွားပါမည်။

ဤစာတမ်းအတွက် တွေ့ဆုံမေးမြန်းမှုများအတွင်း ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်း (၇၀၀) ကျော်ကို ခန့်အပ်ထားနိုင်သည့် မွန်ပြည်နယ်အခြေစိုက် လူထုအခြေပြုအဖွဲ့အစည်းတစ်ခုအကြောင်း (၎င်းတို့၏ လုံခြုံရေးကြောင့် အဖွဲ့အမည်ကို ချန်လှပ်ထားပါသည်) သိရှိခဲ့ရသည်။ အဆိုပါအဖွဲ့သည် CDMers များ အတွက် အသေးစားလုပ်ငန်းများစတင်နိုင်ရန် ထောက်ပံ့ငွေများပေးအပ်ခြင်း၊ CDMers များ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနိုင်ရန်ကူညီပေးခြင်း၊ လုံခြုံစိတ်ချရသောနေအိမ်များ ရှာဖွေပေးခြင်းနှင့် ၎င်းတို့၏ ကျွမ်းကျင်မှုများကိုအသုံးချနိုင်ရန် နည်းလမ်းများရှာဖွေပေးခြင်းတို့ကို ကြားခံဆောင်ရွက်ပေးပါသည်။ အဖွဲ့၏ ကျန်းမာရေးဝန်ထမ်းများသည် အထိုင်ဆေးခန်းများဖွင့်လှစ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ ကိုရှောင်ရှားနိုင်ရေးအတွက် တယ်လီ (တယ်လီဖုန်းမှတဆင့်) ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေး နေသည်။ လုံခြုံစိတ်ချရသော အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် ကျောင်းသားများအတွက် ဆရာဖြစ် သင်တန်းများနှင့် ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်ပေးသည်။ လုံခြုံရေးအစီအမံများကို အထူးအလေးပေး ဆောင်ရွက်သဖြင့် အဖွဲ့သည်အရွယ်အစားကြီးမားသော်လည်းဘဲ စစ်တပ်ထံမှ ဖိအားပေးခြင်း သိပ်မခံရပေ။ ထို့အပြင်အဖွဲ့သည် လူထုအခြေပြုလှုပ်ရှားနေပြီး ပြည်နယ်တစ်ခု၏ ဒေသများစွာကို လွှမ်းခြုံနိုင်စွမ်းရှိသည်။ ဒေသခံများထံမှ ရန်ပုံငွေများ တိုက်ရိုက်ရရှိနေသဖြင့် ၎င်းတို့၏ ရန်ပုံငွေရှာဖွေရေး အစီအစဉ်များနှင့် လုပ်ငန်း လည်ပတ်မှုပုံစံများကို တိတ်တဆိတ်ပင်ဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။

ထင်ပေါ်ကျော်ကြားပြီး တပြည်လုံးအတိုင်းအတာလွှမ်းခြုံနိုင်ရန် ကြိုးပမ်းအားထုတ်မှုများမှာ မျှော်မှန်းသလောက် မအောင်မြင်သည်ကိုတွေ့ရသည်။ အွန်လိုင်းအခြေပြုပညာရေးအစီအစဉ်တစ်ခုဖြစ်သော Kaung For You Federal Private School (K4U) သည် CDM ပညာရေးဝန်ထမ်းရာပေါင်းများအား အလုပ်အကိုင်ဖန်တီးပေးနိုင်သော အဓိကနေရာတစ်ခုဖြစ်ခဲ့ပြီး NUG ပညာရေးဝန်ကြီးဌာန၏ တရားဝင်အသိအမှတ်ပြုမှုပင်ရရှိခဲ့သည်။ K4U သည် အွန်လိုင်းမှတစ်ဆင့် ပြည်တွင်းပြည်ပမှ CDMers များနှင့် ကျောင်းသားများအတွက် ရာနှင့်ချီသော CDM ဆရာများဖြင့် ပညာရေးဝန်ဆောင်မှုပေးရန် ပြင်ဆင်ထားခဲ့သော်လည်းဘဲ သတင်းအချက်အလက်ချိုးဖောက်မှုကြောင့် ပျက်စီးသွားခဲ့ရသည်။ သတင်းအချက်အလက်ချိုးဖောက်မှုကြောင့် K4U တည်ထောင်သူများကို ဖမ်းဆီးခံရခြင်း၊ K4U မှ ဆရာအများအပြား ခြိမ်းခြောက်ခံရခြင်း၊ စာရင်းပေးသွင်း ထားသော ကျောင်းသားများ၏ မိဘများသည် စစ်တပ်နှင့်သတင်းပေးများ၏ ငွေညစ်ခံရခြင်းတို့ကို ကြုံတွေ့ ခဲ့ရသည်။ အွန်လိုင်းပညာရေးစနစ်သည် ပြိုလဲနေသောမြန်မာ့ပညာရေးစနစ်အတွက် ယာယီအစားထိုးမှုတစ်ခုဖြစ်လာနိုင်သော်လည်းဘဲ အွန်လိုင်းပညာရေးစနစ်များအား ဦးဆောင်နေသူများအနေဖြင့် လုံလောက်သောသတင်းအချက်အလက်လုံခြုံရေးအသိပညာနှင့် နည်းပညာများမရှိပါက အနာဂတ်အွန်လိုင်းပညာရေး အ

စီအစဥ်များသည် K4U ကဲ့သို့ ကံကြမ္မာဆိုးကို ရင်ဆိုင်ရနိုင်ပါသည်။ K4U ကို အသိအမှတ်ပြုထားပြီး CDM နောက်ပိုင်း ပညာရေးအကျပ်အတည်းအတွက် အွန်လိုင်းပညာရေးကို အဖြေတစ်ခုအဖြစ်ဆောင်ရွက်နေသော NUG ၏ ပံ့ပိုးကိုလည်း ထိခိုက်စေပါသည်။ K4U အစီအစဥ် ပျက်စီးသွားရခြင်း၏ အဓိက အကြောင်းအရင်း တစ်ခုမှာ ၎င်း၏ကြီးမားသောအရွယ်အစားနှင့် ထင်ပေါ်ကျော်ကြားမှုကြောင့် ပစ်မှတ်ထားခြင်းခံရရန် လွယ်ကူသွားစေသည်။ တိတ်တဆိတ်ဆောင်ရွက်ပြီး စစ်မှန်သော ရပ်ရွာအခြေပြုအဖွဲ့အစည်းများသည် CDMers များအတွက် အလုပ်အကိုင် ဖန်တီးပေးရာတွင် ပိုမိုရေရှည်တည်တံ့သောနိုင်မည်ဖြစ်ပါသည်။

ပြင်ပအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုမရရှိသည့် အချို့သော CDMers များသည် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို ရွေးချယ်ခဲ့ကြသည်။ အိုင်ဖောလ်နှင့် မဲဆောက် ကဲ့သို့သောနေရာများတွင် CDMers များသည် လုပ်ငန်းငယ်များလုပ်ကိုင်ကြပြီး ယေဘုယျအားဖြင့် ၎င်းတို့၏အတွေ့အကြုံများ၊ နယ်ပယ်များနှင့် မသက်ဆိုင်သော်လည်းဘဲ နိစ္စဓူဝရင်သန်ရပ်တည်ရေးအတွက် ရှာဖွေလုပ်ကိုင်ကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် ချင်းမိုင်ရှိ CDMers အဖွဲ့တစ်ခုသည် ထိုင်းခရီးသွားဈေးကွက်အတွက်ရည်ရွယ်၍ ရိုးရာလွယ်အိတ်လုပ်သည့် လုပ်ငန်းတစ်ခုကို စတင်ကြသည်။ မဲဆောက်ရှိ အခြားအဖွဲ့တစ်ဖွဲ့ကလည်း Facebook နှင့် TikTok မှတဆင့် တီရှပ်များ ထုတ်လုပ်ရောင်းချနိုင်ရန် အထည်ပုံနှိပ်နည်းပညာများကို စမ်းသပ်ကြိုးပမ်းနေကြသည်။ ရာနှင့်ချီသော အရေအတွက်မဟုတ်ရင်တောင်မှ ထိုကဲ့သို့သော အသေးစားလုပ်ငန်းများ ဒါဇင်နှင့်ချီရှိနေပါ သည်။ ဤလုပ်ငန်းငယ်များသည် CDMers များ အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် အလုပ်အကိုင်များ မလုံလောက်ခြင်းပြဿနာတို့ကို အမြဲတမ်းဖြေရှင်းပေးနိုင်မည်မဟုတ်သော်လည်းဘဲ အတိုင်းအတာတစ်ခုအထိ ယာယီဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ညွှန်ပြနေပါသည်။

## အစားထိုးအုပ်ချုပ်ရေးယန္တရားများ - အမျိုးသားညီညွတ်ရေးအစိုးရ၏ အခန်းကဏ္ဍ

NUG ၏အဖွဲ့ဝင်တစ်ဦးက CDMers များနှင့်ပတ်သက်သော NUG ၏ တရားဝင်ရပ်တည်ချက်နှင့် ၎င်းတို့အားပံ့ပိုးရာတွင် NUG အခန်းကဏ္ဍတို့ကို ရှင်းလင်းပြောဆိုခဲ့ပါသည်။ NUG သည် CDM လှုပ်ရှားမှု အားကောင်းလာရေးနှင့် နိုင်ငံတစ်ဝှမ်းရှိ CDMer များကို ပံ့ပိုးကူညီရန်ရည်ရွယ်ချက်ဖြင့် CDM အောင်မြင်ရေးကော်မတီကို (၂၀၂၁) ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့သည်။ ကော်မတီတွင် NUG ဝန်ကြီးများအားလုံးပါဝင်ပြီး လက်ရှိ NUG ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့်ပညာရေးဝန်ကြီး ဒေါက်တာဇော်ဝေစိုးက အတွင်းရေးမှူးအဖြစ် တာဝန်ယူထားသည်။ ကော်မတီတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) မှ ကိုယ်စားလှယ်များနှင့် CDMers များကို လှုပ်ရှားမှုစတင်ကတည်းက ပံ့ပိုးပေးနေသော အရပ်ဘက်ကွန်ရက် နှစ်ခုလည်းပါဝင်သည်။ ဝန်ကြီးများအပြင် ကော်မတီတွင် ဝန်ကြီးဌာနတစ်ခုစီမှ တာဝန်ခံတစ်ဦးစီပါဝင်သည်။ CDM အောင်မြင်ရေးကော်မတီ၏ အဖွဲ့ဝင်တစ်ဦးက ဝန်ကြီးဌာနတစ်ခုစီသည် ငွေကြေးပံ့ပိုးမှု၊ ကျန်းမာရေး ဆိုင်ရာပံ့ပိုးမှု၊ စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု၊ ဝင်ငွေရှာဖွေရေး နှင့် သတင်းအချက်အလက် လုံခြုံရေးပံ့ပိုးမှုစသည်ဖြင့် CDM ဆိုင်ရာအလုပ်အဖွဲ့ (၅) ဖွဲ့စီ ဖွဲ့စည်းထားရှိကြောင်းပြောဆိုခဲ့သည်။ အလုပ်အဖွဲ့များသည် ပုံမှန် အစည်းအဝေးများပြုလုပ်ပြီး CDMers များအတွက် Psychosocial First Aid (PFA) ကဲ့သို့သော စွမ်းရည်မြှင့်တင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှု အစီအစဥ်များကို ပံ့ပိုးပေးထားကြောင်း၊ NUG သည် CDMers များအတွက် စွမ်းရည်မြှင့်အစီအစဥ်များနှင့် တိုင်ပင်ဆွေးနွေးမှုများ ဆောင်ရွက်ပေးသော ပြင်ပ အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းလည်းသိရသည်။ NUG အနေဖြင့် ဦးစားပေးသတ်မှတ်ထားသော CDMers များအနေဖြင့် မရှိသော် လည်းဘဲ လက်နက်ကိုင်အကြမ်းဖက်မှုကို အမြန်အဆုံးသတ်ရန်အတွက် ရဲတပ်ဖွဲ့နှင့် စစ်သားများ၏ ဘက်ပြောင်းမှုများပြားလာရေးကိုမူ မဟာဗျူဟာ အရ ဦးစားပေးကြောင်း ကော်မတီတာဝန်ရှိသူက ပြောဆိုခဲ့သည်။

ကော်မတီတွင် လက်ရှိအချိန်အထိ CDMers များအဖြစ် မှတ်ပုံတင်ထားသူ ၃၅၀,၀၀၀ ကျော်ရှိပြီး (၆၀) ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြောင်း ကော်မတီတာဝန်ခံတစ်ဦးကဆိုသည်။ ပြည်တွင်းသတင်းရင်းမြစ်များမှရရှိသော အချက်အလက်များအရ ချင်းပြည်နယ်နှင့် ကရင်နီပြည်နယ်တို့သည် CDM ပါဝင်မှု အ

မြင့်ဆုံးဒေသများဖြစ်ပြီး ခန့်မှန်းချေပြည်သူ့ဝန်ထမ်း (၉၀) ရာခိုင်နှုန်းခန့် ပါဝင်ကြကြောင်းသိရသည်။ ကချင်၊ ကရင်၊ စစ်ကိုင်းနှင့် မကွေးကဲ့သို့ ကာကွယ်ရေးတပ်များနှင့် ERO များ နယ်မြေထိန်းချုပ်နိုင်မှုရှိသော ဒေသများတွင် CDMers များစွာကို အောင်မြင်စွာပြန်လည်အသုံးချနိုင်သည်ကိုတွေ့ရသည်။ CDMers အများအပြားသည် NUG နှင့် အခြားတော်လှန်ရေးအဖွဲ့များ၏ စင်ပြိုင်အုပ်ချုပ်ရေးယန္တရားများတွင် တက်ကြွစွာ ပါဝင်နေကြပြီး အရေအတွက်အတိအကျကို သိရန်ခက်ခဲသော်လည်း CDM အောင်မြင်ရေး ကော်မတီ တာဝန်ရှိသူတစ်ဦးက ကျန်းမာရေးကဏ္ဍတစ်ခုတည်းတွင်ပင် NUG ကျန်းမာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ အခမဲ့လုပ်ကိုင်နေသော ကျန်းမာရေးဝန်ထမ်း (၄၀,၀၀၀) ကျော်ရှိကြောင်းသိရသည်။ အာဏာသိမ်းပြီး နှစ်နှစ်နီးပါးရှိလာသော်လည်း CDM နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားသော မူဝါဒမရှိသဖြင့် ဝေဖန်ခံနေ ရသော NUG သည် CDM မူဝါဒတစ်ရပ်ကို ရေးဆွဲနေပြီဖြစ်ကြောင်း၊ ယခုနှစ်မကုန်မီ ထုတ်ပြန်ကြေငြာတော့မည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူကဆိုသည်။ CDM ၏ အခိပ္ပါယ်ဖွင့်ဆိုချက်များ နှင့် CDM မဟုတ်သူများအတွက် NUG ၏ ရည်တည်ချက်များပါဝင်လာမည့် အဆိုပါမူဝါဒကို အများပြည်သူထံသို့ မချပြခင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ၏ အတည်ပြုချက်ကို ရယူမည် ဖြစ်ကြောင်းလည်း သိရသည်။

## အစားထိုးအုပ်ချုပ်ရေးယန္တရားများ - တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

ERO များသည် မြန်မာနိုင်ငံအတွင်းမှ CDMers များ ဘေးကင်းလုံခြုံစွာ လှုပ်ရှားသွားလာနိုင်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ကြသည်။ ၎င်းတို့သည် အာဏာသိမ်းမှုကို လက်နက်ကိုင်တော်လှန်ဆန့်ကျင်ရန်ဖွဲ့စည်းထားသည့် PDF များကို ကူညီရာတွင်လည်း အဓိကအခန်းကဏ္ဍမှပါဝင်ကြသည်။ အကြံပြုချက်မူဘောင် (အပိုင်း ၂) တွင် ဖော်ပြထားသည့်အတိုင်း ERO များနှင့် ခိုင်မာသောဆက်ဆံရေး ထားရှိခြင်းက CDM လှုပ်ရှားမှုသာမက တော်လှန်ရေးအောင်မြင်ရေးအတွက် အရေးကြီးပါ သည်။ သို့ရာတွင် ERO များသည် CDM ရင်ဆိုင်နေရသော စိန်ခေါ်မှုများအားလုံးကို ဖြေရှင်းရေးအတွက် ပြီးပြည့်စုံသော အဖြေတော့မဟုတ်ပါ။ အချို့သော ERO များတွင် ၎င်းတို့ကိုယ်ပိုင်အကျိုးစီးပွားများနှင့် နိုင်ငံရေး ပန်းတိုင်များ ရှိကြပြီး CDM သို့မဟုတ် NUG တို့၏ ရည်မှန်းချက်နှင့် ကိုက်ညီမှုမရှိနိုင်ပါ။ ERO များသည် ကိုယ်ပိုင် အုပ်ချုပ်ခွင့်အတွက် ဆယ်စုနှစ်များစွာ တိုက်ပွဲဝင်ခဲ့ကြသော်လည်းဘဲ ပြည်ထောင်စုအဆင့်တွင်မူ တိုးတက်မှု အနည်းငယ်သာ ရှိသည်ကိုတွေ့ရသည်။ အချို့သော ERO ခေါင်းဆောင်များက NUCC မှတစ်ဆင့် NUG နှင့် ပူးပေါင်းလိုမည် မဟုတ်ပါ။ ဗဟိုအစိုးရနှင့် ဆက်ဆံရာတွင် အပြုသဘောဆောင်မှုမရှိဘဲ ရေရှည်မခံခဲ့သော NCA စာချုပ်ညှိနှိုင်းမှုများနှင့် “(၂၁) ရာစုပင်လုံညီလာခံ” တို့ကဲ့သို့ စိတ်ပျက်စရာများ ဖြစ်လာနိုင်မည်ဟု ယူဆထားခြင်းကြောင့်လည်းဖြစ်နိုင်ပါသည်။

ERO များအနေဖြင့် အကျိုးအမြတ်မျှော်ကိုး၍ CDM လှုပ်ရှားမှုအား ကူညီရန်မဖြစ်မနေလိုအပ်နေခြင်း မဟုတ်သော်လည်းဘဲ EROs များထံမှ CDMers များရရှိသော ထောက်ပံ့မှုများသည် မှတ်သားလောက်ဖွယ် ဖြစ်ပါသည်။[၅] ERO များအတွက် အစိုးရဟန်ထမ်းဟောင်းအများစုပါဝင်နေသော CDM ကို ယုံကြည်ရန် (သို့) ထောက်ခံရန် လုံလောက်သော နိုင်ငံရေးအကြောင်းပြချက်မရှိပါ။ ERO ထိန်းချုပ်နယ်မြေများတွင် အစိုးရ၏ ကျန်းမာရေး (သို့) ပညာရေးဝန်ထမ်းများရှိနေခြင်းကို “ဗမာမှုပြုရန်” ကြိုးပမ်းမှု (သို့) ယဉ်ကျေးမှုကွဲပြားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနေသောဒေသများကို ဗဟိုမှလွှမ်းမိုးချုပ်ကိုင်နိုင်ရန် ကြိုးပမ်းမှုအဖြစ်အစဉ်အမြဲဖော်ညွှန်းခြင်း၊ ရှုမြင်ခြင်းခံရလေ့ရှိခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့်လက်ရှိဖြစ်ပေါ်နေသော ပြည်သူ့ဝန်ထမ်းဟောင်းများနှင့် ERO များအကြားရှိ မဟာမိတ်ဆက်ဆံမှုကို ထိန်းသိမ်းရန်၊ တိုးတက်လာစေရန် ဆောင်ရွက်ရေးမှာ အရေးကြီးပါသည်။ CDMers များစွာနှင့် ဆက်သွယ်ပြောဆိုမှုများအရ ကျွန်ုပ်တို့၏အမြင်မှာ ကယားပြည်နယ်နှင့် KNU ထိန်းချုပ်နယ်မြေများကဲ့သို့သောနေရာများရှိ ERO များနှင့် CDM ပြည်သူ့ဝန်ထမ်းများ အကြား အပြန်အလှန်ပံ့ပိုးကူညီမှုအစီအမံများသည် တော်လှန်ရေးအလွန်ကာလ ဖက်ဒရယ်ပြည်ထောင်စု

[၅] အထူးသဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့သည် CDM နှင့် NUG အား ထောက်ခံကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောဆိုထားသည်။

အုပ်ချုပ်ရေး တည်ဆောက်ရေးအတွက် ကနဦးသာဓကများဖြစ်နိုင်ပါသည်။ အထူးသဖြင့် အာဏာမသိမ်းခင် ကာလကတည်းက ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်ရှိ ERO ထိန်းချုပ်နယ်မြေများတွင်လည်း အလားတူ အခြေအနေများ ဖြစ်ပေါ်နေပါသည်။

## CDM ၏ မလိုလားအပ်သော အကျိုးဆက်များ

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း CDM သည် အလွန်ရေပန်းစားနေဆဲဖြစ်ပြီး စစ်အစိုးရကို တော်လှန်သော လှုပ်ရှားမှု၏ ရှေ့ပြေးအဖြစ် ရှုမြင်နေကြဆဲဖြစ်သည်။ သို့သော်လည်း CDM ကြောင့် ဖြစ်ပေါ်လာသော ပြည်သူ့ဝန်ဆောင်မှုအားလုံးနီးပါးရပ်တန့်သွားခြင်းက အထူးသဖြင့် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများတွင် အနုတ်လက္ခဏာနှင့် အပြုသဘောဆောင်သော အကျိုးဆက်များစွာကိုဖြစ်ပေါ်စေပါသည်။ CDM လှုပ်ရှားမှုသည် နိုင်ငံအတွင်း ကိုရိုနာကပ်ရောဂါ၏ တတိယမြောက်အပြင်းထန်ဆုံးလှိုင်းနှင့်လည်း တိုက်ဆိုင်ခဲ့ပါသည်။ ကပ်ရောဂါကြောင့် ဆိုးရွားစွာထိခိုက်ခဲ့ရသော ပညာရေးစနစ်သည် ဆရာရှားပါးမှုနှင့်ကြုံတွေ့ခဲ့ရသဖြင့် ကျောင်းသားများအတွက် သင်ကြားမှုများ ပြတ်တောက်သွားခဲ့ရသည်။

ကျန်းမာရေးဝန်ထမ်းများ၏ သပိတ်အထွတ်အထိပ် ရောက်ရှိခဲ့သော (၂၀၂၁) ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံသည် ကိုရိုနာဗိုင်းရပ်၏ ပိုမိုပြင်းထန်သော မျိုးကွဲအသစ်တစ်ခုဖြစ်သည့် “ဒယ်လ်တာ” ကြောင့် ဖြစ်ပေါ်လာသော အပြင်းထန်ဆုံးကူးစက်မှုလှိုင်းကို ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် CDM ကျန်းမာရေးဝန်ထမ်းများ၏ သပိတ်မှောက်ခြင်း၊ တနည်းအားဖြင့် အစိုးရ၏ကျန်းမာရေးဝန်ဆောင်မှုများ လျော့ပါးသွားခြင်းကြောင့် မြန်မာနိုင်ငံသည် ခေတ်သစ်သမိုင်းတစ်လျှောက် အကြီးမားဆုံးသော ပြည်သူ့ကျန်းမာရေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည်။ ပြည်သူ့ကျန်းမာရေးစနစ် ကောင်းမွန်သောနိုင်ငံများအတွက်ပင် ဘေးအန္တရာယ်တစ်ခု ဖြစ်ခဲ့သော ဒယ်လ်တာလှိုင်းသည် မြန်မာနိုင်ငံအတွက်မူ ကပ်ဆိုးကြီးဖြစ်ခဲ့သည်။ CDM လှုပ်ရှားမှုကြောင့် ဒယ်လ်တာလှိုင်းရိုက်ခတ်စဉ် ပြည်သူ့ဆေးရုံအများအပြားပိတ်ခဲ့ရပြီး စွမ်းဆောင်ရည်အလွန်အမင်းကျဆင်းသွားခဲ့ရသည် (Nikkei 2021)။ သို့သော် မြန်မာနိုင်ငံအတွင်း၌ CDMers များ၏ သပိတ်မှောက်ရန် ဆုံးဖြတ်ချက်အပေါ် ဝေဖန်မှုအနည်းငယ်သာရှိခဲ့ပြီး ဒယ်လ်တာလှိုင်းကြောင့်ဖြစ်ပေါ်လာသော ပြည်သူများ၏ အမျက်ဒေါသသည် စစ်ကောင်စီအပေါ်သာ ကျရောက်ခဲ့သည်။ စစ်ကောင်စီအတွက်မူ ဒယ်လ်တာမျိုးကွဲများ ပေါ်ပေါက်လာခြင်းက ကျန်းမာရေးကဏ္ဍအား နိုင်ငံရေးအရအသုံးချရန် အခွင့်အလမ်းဖြစ်ခဲ့သည်။ တတိယလှိုင်းစတင်သည်နှင့် ကာကွယ်ဆေးဖြန့်ဖြူးထိုးနှံရေးဆိုင်ရာ အကြီးအကဲကိုဖမ်းဆီးခဲ့သည် (Associated Press)။ ထို့အပြင် စစ်အစိုးရသည် CDM ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်သည့် အစိုးရ မဟုတ်သောဆေးခန်းများကို သိရှိနိုင်ရန်အတွက် အောက်ဆီဂျင်ရောင်းချမှုကို အနီးကပ်စောင့်ကြည့်ခဲ့သည်။ အဆိုပါကျန်းမာရေးဝန်ထမ်းများကို ခန့်အပ်ထားသော ပုဂ္ဂလိက သို့မဟုတ် အခမဲ့ဆေးခန်းများကို ဖော်ထုတ် သိရှိသည်နှင့်တပြိုက်နက် ဖမ်းဆီးချုပ်နှောင်ခြင်းတို့ကို ပြုလုပ်ပါသည် (Public Services International)။

CDM လှုပ်ရှားမှုကြောင့် ပညာရေးကဏ္ဍလည်း ဆိုးဆိုးရွားရွားထိခိုက်ခဲ့ပြီး ကျောင်းသားများစွာ ပညာရေးတွင် လျစ်ဟာမှုများဖြစ်ပေါ်ခဲ့သည်။ သို့ရာတွင် ကျန်းမာရေးကဏ္ဍနှင့်နှိုင်းယှဉ်ပါက ပညာရေးကဏ္ဍသည် ပိုအကောင်းမြင်နိုင်စရာရှိသည်။ အစိုးရပညာရေးစနစ် ရုတ်ချည်းပျောက်ဆုံးသွားခြင်းကြောင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၏ လွတ်မြောက်နယ်မြေများသာမက စစ်အစိုးရထိန်းချုပ်ထားသော နိုင်ငံအလယ်ပိုင်း တို့တွင်ပင် အစားထိုးပညာရေးစနစ်အများအပြား ပေါ်ပေါက်လာခဲ့သည်။ အဆိုပါပညာရေး အစီအစဉ်များ သည် အစိုးရကျောင်းစနစ်များအတိုင်းအတာလောက် ဝန်ဆောင်မှုများကို မပေးနိုင်သော်လည်းဘဲ စစ်ကောင်စီ၏ထိန်းချုပ်မှုအောက်ရှိပညာရေးဌာနအား နိုင်ငံရေးအရတန်ပြန်ရေးအတွက်မူ အလွန်အရေးကြီးပါသည်။ အဆိုပါအစားထိုးပညာရေးအစီအစဉ်များသည် ကျောင်းနေအရွယ် ကလေးငယ်များ၏ မိဘများ၏ ထောက်ခံမှုများစွာကို ရရှိနိုင်ဖွယ်ရှိပါသည်။ CDM အစောပိုင်းကာလများတွင် မိဘများစွာသည် ၎င်းတို့၏ ကလေးများကို အစိုးရကျောင်းများသို့မပို့ရန် ငြင်းဆန်ခြင်းဖြင့် လှုပ်ရှားမှုတွင်ပါဝင်ခဲ့ကြသဖြင့် အစားထိုး

ပညာရေးစနစ်တစ်ခုရှိနေပါက လှုပ်ရှားမှုအတွက် ၎င်းတို့၏ထောက်ခံမှုကို ဆက်လက်ရရှိနေမည်ဖြစ်သည်။

စစ်ကောင်စီသည် ယခုအခါ ကျောင်းဆရာများအား စာသင်ခန်းများသို့ပြန်လာစေရန် အပြင်းအထန် ကြိုးပမ်းနေပြီး CDM ဆရာများအား လုပ်ငန်းခွင်ပြန်ဝင်ကြရန်တောင်းဆိုနေပြီဖြစ်သည် (Mizzima 2022)။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံရှိ ဆရာများနှင့်ပညာရေးစီမံခန့်ခွဲသူအများအပြားသည် ၎င်းတို့၏ ရုတ်ချည်းအလုပ်လက်မဲ့ (CDM သမားများအဖြစ်) ဖြစ်သွားမှုကို အခွင့်အရေးတစ်ခုအဖြစ်အသုံးချပြီး အဝေးသင်ပညာရေး၏အစိတ်အပိုင်းအဖြစ် သင်ကြားရေးနည်းအသစ်များနှင့်နည်းပညာအသစ်များကို စမ်းသပ်နေကြပြီ ဖြစ်သည်။ ပညာရေးအခင်းအကျင်းအသစ်က အာဏာသိမ်းမှုမတိုင်မီ နိုင်ငံရေးအရမဖြစ်နိုင်ဟုထင်ရသည့် ပညာရေးဆိုင်ရာစီမံကိန်းများ စတင်ဆွေးနွေးကြရန်လည်း အခွင့်အလမ်းများဖန်တီးပေးပါသည်။ ဥပမာ အနေဖြင့် KIA နှင့် KNU တို့ထိန်းချုပ်ထားသည့် လွတ်မြောက်နယ်မြေများတွင် တက္ကသိုလ်များနှင့် အခြားသောပညာရေးဆိုင်ရာ အကြီးစားစီမံကိန်းများကိုစတင်ရန် အဆိုပြုမှုများပင်ရှိလာပြီဖြစ်သည်။ အရင်းအနှီးကြီးသည့် လူသားနှင့်ပညာရေးဆိုင်ရာစတေးရမှုများရှိသော်လည်းဘဲ အပြုသဘောဆောင်သော တိုးတက်မှုတစ်ခုဖြစ်သည်ဟု သုံးသပ်ရပါသည်။ အာဏာသိမ်းမှု၏ ဆိုးရွားပြင်းထန်သောရိုက်ခတ်မှုများ မရှိပါက ဤသို့သောဆွေးနွေးပြောဆိုမှုများဖြစ်လာနိုင်ချေ အလားအလာနည်းပါးပါသည်။ လက်ရှိကာလတွင် မြန်မာနိုင်ငံရှိ ကျောင်းသားများသည် CDM ၏ အဦးဆုံးအကျိုးဆက်များကို ခံစားနေရသော် လည်း ပေါ်ပေါက်လာသည့် ပညာရေးဆိုင်ရာအစပျိုးလုပ်ဆောင်မှုများသည် ရေရှည်တွင် အာဏာသိမ်းပြီး နောက်ပိုင်း ပိုမိုရှုံသာတူညီမျှရှိပြီး လူတိုင်းလက်လှမ်းမီနိုင်သည့် အရည်အသွေးပြည့်မီသော ပညာရေးစနစ် တစ်ခု ဖြစ်ပေါ်လာစေရန် အခွင့်အလမ်းရှိနေပါသည်။

လှုပ်ရှားမှုကြောင့် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများအတွက် CDMers များကို မမျှမတဝေဖန်လိုခြင်း မရှိပါ။ တော်လှန်ရေး လှုပ်ရှားမှုများသည် ထိခိုက်ပျက်စီးစေနိုင်သော အလားအလာများရှိကြပြီး CDM သည် ၎င်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကို ပြန်လည်ပြုပြင်နိုင်ရန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်ကိုတွေ့ရသည်။ ဥပမာအနေဖြင့် CDMers များသည် မြေအောက်ကျန်းမာရေးနှင့် ပညာရေးစနစ်များ ပေါ်ပေါက်လာစေရေးအတွက် ကြီးမားသောအခန်းကဏ္ဍမှပါဝင်ခဲ့ကြသည်။ ထို့အပြင် မြန်မာနိုင်ငံအနှံ့အပြားနှင့် နိုင်ငံရပ်ခြားတွင်လည်း CDMers များသည် အရင်းအမြစ်များနှင့်ငွေကြေးများဖြန့်ဝေရာတွင် အလိုအပ်ဆုံးသောနေရာများသို့ ရောက်ရှိစေရန် အရေးပါသောအခန်းကဏ္ဍမှပါဝင်ကြသည်။ ကျွန်ုပ်တို့၏ အဆုံးစွန်သောရည်မှန်းချက်မှာ CDM ကို အားကောင်းခိုင်မာစေရန်နှင့် ဒီမိုကရေစီလှုပ်ရှားမှု ပိုမိုကျယ်ပြန့်လာစေရန်ဖြစ်သည်။ လှုပ်ရှားမှု၏ မလိုလားအပ်သောအကျိုးဆက်များကို ထည့်သွင်းစဉ်းစားခြင်းက ဤလုပ်ငန်းစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အနာဂတ်တွင် ပိုမိုဗျူဟာမြောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။

# အပိုင်း (၂)

## အနာဂတ်အတွက် မူဘောင်

ယခုအပိုင်းတွင် အာဏာသိမ်းမှုတော်လှန်ရေးလှုပ်ရှားမှု ဒုတိယနှစ်နီးကပ်လာသည်နှင့်အမျှ CDMers များနှင့် ၎င်းတို့၏ မဟာမိတ်များအတွက် မူဘောင်တစ်ခု ချပြနိုင်ရန်ရည်ရွယ်ထားပြီး "ရှာဖွေတွေ့ရှိမှုများ" ကဏ္ဍတွင် ဖော်ပြထားသည့် မတူညီသောစိန်ခေါ်မှုကို ဖြေရှင်းနိုင်ရန် အပိုင်းငါးပိုင်းခွဲ၍ ဆွေးနွေးတင်ပြထားပါသည်။ အကြီးမားဆုံးသောစိန်ခေါ်မှုတစ်ခုဖြစ်သည့် CDMers များအတွက် ရန်ပုံငွေရှားပါးခြင်းမှ စတင်ထားပါသည်။ ထိုမှတစ်ဆင့် CDMers များ၏ ခံစားချက်များနှင့် လှုပ်ရှားမှုအတွင်းရှိ ကွဲပြားမှုများကို ဖြေရှင်းနိုင်ရန် တင်ပြထားပါသည်။ နောက်ဆုံးသုံးပိုင်းတွင် CDM ပြောင်းလဲမှုပုံစံကို ညွှန်းဆိုထားပြီး စစ်တပ်ကို အားနည်း စေမည့်နည်းလမ်းများ၊ နိုင်ငံတကာအသိုက်အဝန်း (နိုင်ငံခြားအစိုးရများနှင့်ထောက်ပံ့ရေးအဖွဲ့အစည်းများ)နှင့် ထိတွေ့ဆက်ဆံနိုင်မည့် နည်းလမ်းများနှင့် ဒီမိုကရေစီလှုပ်ရှားမှုကို အထောက်အကူပြုစေနိုင်မည့် နည်းဗျူဟာ အသစ်အချို့စသည်တို့ကို ဆွေးနွေးထားပါသည်။

## CDM ရန်ပုံငွေရှာဖွေခြင်း

CDM ပါဝင်သူများ လှုပ်ရှားမှုကို စွန့်ခွာသွားရသည့် အထင်ရှားဆုံးအကြောင်းရင်းမှာ ၎င်းတို့ကြုံတွေ့ခဲ့ရသော ငွေကြေးအခက်အခဲပင်ဖြစ်သည်။ တောင်းဆိုမှုအများအပြားမပြုကြသော်လည်းဘဲ "ငွေကြေးပြဿနာ" သည် CDM သမားများကြုံတွေ့နေရသော ပြဿနာဖြစ်သည်မှာပေါ်လွင်ပါသည်။ CDM လှုပ်ရှားမှု၏ လျင်လျင်မြန်မြန်အောင်မြင်နိုင်ရေးအတွက် ရန်ပုံငွေလိုအပ်ချက်မှာကြီးမားပါသည်။ သို့သော်လည်း CDM အတွက် တိုက်ရိုက် သို့မဟုတ် NUG မှတစ်ဆင့် ရန်ပုံငွေရှာဖွေရခြင်းမှာ အလွန်ပင်ခက်ခဲပါသည်။

- **CDM လှုပ်ရှားမှုသည် ရန်ပုံငွေနှင့်ပံ့ပိုးမှုတို့အကြား ဒွိဟဖြစ်သည့် အခြေအနေရင်ဆိုင်နေရသည်။** ယခုအချိန်တွင် NUG သည် ထောက်ပံ့မှုအချို့ရရှိထားသော CDMers များကို ပိုမိုပံ့ပိုးရန် တောင်းဆိုမှုများနှင့် အထောက်အပံ့လုံးဝမရရှိထားသော CDMers များကို ပံ့ပိုးရန်တောင်းဆိုခြင်းခံနေရသော်လည်း CDM အတွက် ရန်ပုံငွေသည် အကန့်အသတ်ဖြင့်သာရှိနေသည်။ ထို့ကြောင့် ၎င်းအတွက် ခက်ခဲသော ရွေးချယ်စရာ အနည်းငယ်သာရှိပါသည်။ ထောက်ပံ့သောဦးရေကို တိုးချဲ့ရန်ရွေးချယ်ပါက တစ်ဦးချင်းစီရရှိမည့် ထောက်ပံ့ငွေပမာဏကို လျှော့ချရန် (သို့) ရန်ပုံငွေ ပိုမိုစုဆောင်းရန်ပြင်ဆင်ရမည်ဖြစ်ပြီး တစ်ဦးချင်းစီအတွက် ထောက်ပံ့ငွေပမာဏကိုတိုးမြှင့်လိုပါက ရရှိနိုင်သောရန်ပုံငွေပမာဏကို တိုးမြှင့်မပေးနိုင်သဖြင့် လူအရေအတွက်ကို လျှော့ချရမည်ဖြစ်သည်။




ပုံ ၁ - CDM ရန်ပုံငွေဆိုင်ရာ ဒွိဟဖြစ်မှု

- **ဗျူဟာကျကျအသုံးချနိုင်မည့် နည်းလမ်းများကို ရှာကြံရန်ဖြစ်သည်။** NUG မဟာဗျူဟာနှင့် ဤစာတမ်းနှစ်ခုစလုံးက အချို့သောအုပ်စုများ (ဥပမာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဘက်ပြောင်းမှု) ကို ဦးစားပေးပံ့ပိုးခြင်းသည် တော်လှန်ရေးပန်းတိုင်များကို မြန်မြန်ဆန်ဆန်ရောက်ရှိရေးအတွက် အလားအလာ ပိုရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ ရန်ပုံငွေအကန့်အသတ်ဖြင့်သာရှိနေပါက တစ်ခုတည်းသောနည်းလမ်းမှာ အခြားအဖွဲ့များအား ထောက်ပံ့နေမှုကိုလျှော့ချရန်ဖြစ်သည်။ မည်သည့်အဖွဲ့ကို ရန်ပုံငွေပိုပေးမည်၊ လျှော့ချမည်ဆိုသည်မှာ အဆိုပါအဖွဲ့၏ တည်နေရာ (သို့) အဆိုပါ CDMer ၏ အရေးပါမှုအပေါ် မူတည်နေပါ သည်။ ဥပမာအားဖြင့် NUG အနေဖြင့် လွတ်မြောက်နယ်မြေအသစ်များတွင် ရောက်ရှိနေကြသော CDM များအား ထောက်ပံ့မှုပိုမိုပြုလုပ်ရန်ဖြစ်ပါသည်။ အကြောင်းမှာ ၎င်းတို့သည် ဒေသခံလူထုအတွက် ၎င်းတို့၏ ကျွမ်းကျင်မှုများကို အသုံးချနိုင်ခွင့် ပိုမိုရှိနေပါသည်။
- **ရန်ပုံငွေအသုံးပြုမှုနှင့်ပတ်သက်ပြီး ဆက်သွယ်ပြောဆိုရာတွင် ရန်ပုံငွေခက်ခဲမှုနေမှုအခြေအနေကို ရှင်းရှင်းလင်းလင်းပြောဆိုရန်ဖြစ်သည်။** CDMers များ၏ အထင်အမြင်လွဲမှားမှုအများစုမှာ ဝင်ငွေမရှိခြင်း နှင့် အခြားသောအခွင့်အလမ်းများ မရှိခြင်းကြောင့်ပင်ဖြစ်သည်။ CDMers များအား လစာပေးအပ်မည်ဟု CDM အစောပိုင်းကာလက NUG မှ ပြောဆိုခဲ့မှုသည် လူအများအပြား CDM တွင် ပါဝင်လာစေရန် တွန်းအားပေးမှုတစ်ခုဖြစ်စေနိုင်သော်လည်း အဆိုပါကတိအတိုင်းလုပ်ဆောင်ရန်မှာ မဖြစ်နိုင်သည်မှာ ထင်ရှားပါသည်။ ယခုစာတမ်း၏တွေ့ရှိချက်တစ်ခုမှာ လူအများသည် ရန်ပုံငွေကန့်သတ်ချက်များ ရှိနေသည်ကို နားလည်ထားကြသဖြင့် အခြေအနေကို ကောင်းမွန်စွာရှင်းပြပါက ပိုမိုနားလည်နိုင်ကြမည် ဖြစ်သည်။ NUG အနေဖြင့် စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းဖြင့် မျှော်လင့်ချက်များကို ထိန်းချုပ်ရန်နှင့်စောင့်ထိန်းရန် ခက်ခဲသော ကတိကဝတ်ပြုမှုများကို ရှောင်ရှားရန် လိုအပ်ပါသည်။ မည်သူမျှ “သတင်းဆိုးကို ဆောင်ကြဉ်းသူ” မဖြစ်လိုသော်လည်းဘဲ ရှင်းလင်းသော အဖြေတစ်ခုရရှိခြင်းက မသိခြင်းထက်ပိုမိုကောင်းမွန်နိုင်ပြီး CDMers များအနေဖြင့် ၎င်းတို့၏ အနာဂတ်အတွက် အစီအစဉ်များ ပြင်ဆင်နိုင်မည်ဖြစ်သည်။ NUG အနေဖြင့် CDMers အားလုံးကို ပံ့ပိုးရန် လတ်တလောမဖြစ်နိုင်သေးကြောင်း လုံလောက်သောအကြောင်းပြချက်များ ရှိနေပါသည်။
- **CDM သည် တော်လှန်ရေးအသက်ဆက်ရန်အတွက် စင်ပြိုင်အခွန်ကောက်ခံမှုအတွက် အထောက်အကူဖြစ်နိုင်သည်။** ဤအကြံပြုချက်သည် အရေးတကြီးဖြစ်ချင်မှဖြစ်ပေလိမ့်မည်။ သို့သော်လည်း လွတ်မြောက်နယ်မြေအသစ်များရှိ CDM များကို ထောက်ပံ့ကူညီနိုင်ပြီး အနာဂတ်တွင် ဖြစ်လာနိုင်မည့်အခြေအနေများအတွက် မျှော်မှန်းချက်တစ်ခုလည်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့ အကြိမ်ကြိမ် ကြားသိရသည့် အကြောင်းအရာတစ်ခုမှာ တော်လှန်ရေးတစ်ခုလုံး အထူးသဖြင့် CDM နှင့်သက်ဆိုင်သော ရှင်းလင်းပြတ်သားသည့်ပန်းတိုင် ရှိမနေကြောင်း၊ အနာဂတ်မည်သို့မည်ပုံ ဖြစ်လာမည်ဆိုသည့် မျှော်မှန်းချက် ကင်းမဲ့နေခြင်းဖြစ်ကြောင်း ပြောဆိုကြခြင်းဖြစ်သည်။ NUG ၏ နယ်မြေထိန်းချုပ်မှုရှိသောဒေသများတွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များမှတစ်ဆင့် အလှူငွေများ၊ အခကြေးငွေများနှင့် အခွန်များမှတစ်ဆင့် ဝင်ငွေရရှိရန် ကြိုးပမ်းမှုများရှိနေပါသည်။ အခွန်များအဖြစ် ကောက်ခံရသည့်ပမာဏ (အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခုသို့ ပုံမှန်နှင့် ကြိုတင်မှန်းဆနိုင်သောပေးချေမှုများ) သည် နည်းပါးသော်လည်း အဆိုပါပမာဏကပင်လျှင် CDMers နှင့် NUG တို့သည် နိုင်ငံ၏တရားဝင်ပြည်သူ့ဝန်ထမ်းများနှင့် အစိုးရဖြစ်ကြောင်း နိုင်ငံရေးအရ သတင်းစကားပါးခြင်းလည်းဖြစ်သည်။ ပိုမိုများပြားသောအခွန်ကောက်ခံရရှိခြင်းက CDMers များအား အနာဂတ်သည် မည်သို့မည်ပုံရှိလာမည်ကို ခံစားသိရှိစေမည်ဖြစ်သည်။ အခွန်အခ (သို့) အခကြေးငွေ ကောက်ခံသည့်အတွေ့အကြုံရှိသော CDM များလည်း ပါဝင်ထမ်းဆောင်နိုင်မည်ဖြစ်သည်။

## မဟာဗျူဟာ၊ ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းစေခြင်း

ရန်ပုံငွေရှာဖွေခြင်းကိစ္စ ပြီးသည့်နောက် CDM ရင်ဆိုင်နေရသော အကြီးမားဆုံးစိန်ခေါ်မှုနှစ်ခုမှာ ဗျူဟာမြောက်ဦးတည်ချက် မရှိခြင်းနှင့် လှုပ်ရှားမှုအတွင်း ကွဲပြားမှုများ များပြားနေခြင်းဖြစ်သည်။ အဆိုပါစိန်ခေါ်မှုများလျော့ပါးစေရေး အတွက် NUG နှင့် CDM ခေါင်းဆောင်သူများမှ ပိုမိုရှင်းလင်းသောချိတ်ဆက်ဆက်သွယ်မှုများကို ပြုလုပ် ရမည်ဖြစ်သည်။ အလားတူပင် လှုပ်ရှားမှုပိုမိုအားကောင်းလာစေရေးနှင့် တော်လှန်ရေးအောင်မြင် နိုင်ချေကို မြှင့်တင်ရေးအတွက် CDMers များ အချင်းချင်းသော်လည်းကောင်း၊ ၎င်းတို့ကို ထောက်ခံနေသူများနှင့် သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရှာကြံခြင်းရမည် ဖြစ်သည်။

- **NUG သည် ၎င်း၏ CDM ဆိုင်ရာ မဟာဗျူဟာကို ပိုမိုရှင်းလင်းစွာနှင့် လူသိများအောင် ဆောင်ရွက်ရန်လိုအပ်သည်။** NUG တွင် CDMers များကိုအသုံးပြုရန်နှင့် ၎င်းတို့၏ကျွမ်းကျင်မှုများကို ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗျူဟာတစ်ခုရှိပါသည်။ ထို့အပြင် အထက်တွင်ဖော်ပြထားခဲ့သည့် အတိုင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဘက်ပြောင်းမှုများကို ဦးစားပေးလုပ်ဆောင်ရန် NUG ၏ ဆုံးဖြတ်ချက်သည် အကြမ်းမဖက်သောနည်းဖြင့် အစိုးရပြောင်းလဲမှုကို လေ့လာကြသောသုတေသနတွေ့ရှိချက်များနှင့်လည်း ကိုက်ညီပါသည်။ သို့သော်လည်း စိတ်ပျက်အားငယ်နေကြသော CDMers များက အဆိုပါဦးစားပေးမှုများကို ကောင်းစွာရှင်းလင်းနားလည်မှုမရှိကြပါ။ အထူးသဖြင့် NUG ၏ CDM အောင်မြင်ရေးကော်မတီသည် ၎င်းတို့၏ CDM ဆိုင်ရာ ဦးစားပေးအစီအစဉ်များနောက်ကွယ်မှ အကျိုးအကြောင်းများကို ချန်နယ်အမျိုးမျိုး (သတင်းထုတ်ပြန်ချက်များ၊ Facebook စာမျက်နှာများ၊ NUG ၏ကိုယ်ပိုင်အင်တာနက်စာမျက်နှာများ စသည်ဖြင့်) မှ ကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းရန် လိုအပ်ပါသည်။ အဆိုပါရှင်းလင်းရာတွင် ဥပမာအနေဖြင့် ဘာကြောင့်လုံခြုံရေးတပ်ဖွဲ့ဝင်တွင်များ၏ ဘက်ပြောင်းမှုကို ပစ်မှတ်ထားရသနည်း၊ အဆိုပါကာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်မဟုတ်သော CDMers များအနေဖြင့် ဘာလုပ်သင့်သနည်း၊ NUG အနေဖြင့် ၎င်းတို့၏ ဆောင်ရွက်မှုများကို မည်သို့ကူညီနိုင်မည်နည်း၊ စစ်ကောင်စီက အကန့်အသတ်ဖြင့်ထိန်းချုပ်ထားသော နယ်မြေများတွင် CDMers များအနေဖြင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်နိုင်မည်နည်းစသည့် မေးခွန်းများကို NUG အနေဖြင့် ဖြေကြားရှင်းလင်းနိုင်ပါက CDMers များကို လမ်းညွှန်မှုပိုပေးနိုင်မည်ဖြစ်ပြီး ၎င်းတို့ဘက်တွင် ရှိနေပြီးဖြစ်သော CDMers များ၏ စိတ်ဓါတ်ကို မြှင့်တင်ပေးရာ ရောက်ပါလိမ့်မည်။

- **CDMers များအတွက် ၎င်းတို့ရရှိနိုင်သော လူထုအခြေပြုပံ့ပိုးကူညီမှုများ သိရှိလက်လှမ်းမှီနိုင်ရေး ဆက်သွယ်ရေးနည်းလမ်းများကို တည်ဆောက်ရန်ဖြစ်သည်။** အဆိုပါဆောင်ရွက်မှုသည် CDM လှုပ်ရှားမှုကို ပံ့ပိုးကူညီနေသော အဖွဲ့အစည်းများ၏ အမည်များကို စုစည်းထားခြင်းဖြစ်ပြီး စစ်ကောင်စီထံ ရောက်ရှိ သွားပါက ပစ်မှတ်စာရင်းအဖြစ်ပြောင်းလဲသွားနိုင်သဖြင့် အန္တရာယ်အလွန်ကြီးပါသည်။ သို့ရာတွင် ဥပမာ အနေဖြင့် NUG က CDM ပံ့ပိုးကူညီရေးအဖွဲ့များ၏ အမည်စာရင်းကို အစဉ်မပြတ် ပြုစုထားပါက ရုန်းကန် နေရသော CDMers များကို ၎င်းတို့နှင့် အနီးစပ်ဆုံး ဒေသခံအဖွဲ့အစည်းများနှင့် ချိတ်ဆက်နိုင်စေရန် လမ်းညွှန်မှုပေးနိုင်မည်ဖြစ်သည်။

- **စိတ်ကျန်းမာရေးသည် ပံ့ပိုးကူညီရေးအဖွဲ့များမှ လုံလောက်သောဂရုပြုမှုကိုရရှိခြင်း မရှိသေးသော်လည်း CDMers များအတွက် အရေးပေါ်လိုအပ်မှုတစ်ခုဖြစ်သည်။** NUG/NUCC တို့သည် အဆိုပါပြဿနာကိုအသိအမှတ်ပြုပြီး CDMers များကို ပံ့ပိုးပေးရန်အတွက် မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်မှတ်ထားပါသည်။ ထို့ကြောင့် ပြင်ပအဖွဲ့များ (နိုင်ငံတကာ) အနေဖြင့် ပံ့ပိုးကူညီမှုအမျိုးမျိုး လုပ်ဆောင်ပေးနိုင်သော နယ်ပယ်တစ်ခုဖြစ်သည်။ တိုင်ပင်ကူညီမှုဆိုင်ရာဟောပြောပွဲများ (ကြိုတင်မှတ်တမ်း တင်ထားသည်ဖြစ်စေ၊ အချိန်နှင့်တပြေးညီဖြစ်စေ) နှင့် အွန်လိုင်းတိုင်ပင်ဆွေးနွေးမှု ဝန်ဆောင်မှုများအတွက် လှူဒါန်းမှုပြုနိုင်ပါသည်။ ဟောပြောပွဲများအား အတွေ့အကြုံရှိသည့် မြန်မာစကားပြောဆိုနိုင်သူများက မြန်မာဘာသာဖြင့် ပို့ချနေကြသော်လည်းဘဲ တိုင်ပင်ဆွေးနွေးမှု

များသည် ယေဘုယျအားဖြင့် အင်္ဂလိပ်ဘာသာဖြင့်သာ ရရှိနေသေးသည်။

- **သတင်းအချက်အလက်လုံခြုံရေးအားပံ့ပိုးရေးသည် လူတိုင်းအတွက် အထူးသဖြင့် အလှူရှင် အဖွဲ့အစည်းများနှင့် ပြင်ပ CDM ပံ့ပိုးကူညီနေသူများအတွက် ဦးစားပေးဖြစ်သင့်သည်။** Kaung Education Network ၏ နမူနာအတိုင်း အွန်လိုင်းဆက်သွယ်မှုများကို အလေးထားနေရသော တော်လှန်ရေးလှုပ်ရှားမှု၏ သဘာဝအရ အဖွဲ့ဝင်များအနေဖြင့် ဒစ်ဂျစ်တယ်နှင့်သတင်းအချက်အလက်လုံခြုံရေး၏ အရေးကြီးမှုကို အသိအမှတ်ပြု၍ ကောင်းမွန်စွာသိရှိနားလည်ပြီး စီမံခန့်ခွဲနိုင်သောစနစ်နှင့် ကိရိယာများရှိမှသာ လှုပ်ရှားမှု ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ ဥပမာအနေဖြင့် အရည်အသွေးမြင့် VPN များနှင့် သတင်းအချက်အလက် ကျူးကျော်ဝင်ရောက်မှုကို ထောက်လှမ်းနိုင်၊ ကြိုတင်ကာကွယ်နိုင်သောစနစ်များ (IDSs နှင့် IPSs) တို့ ရှိနေခြင်းသည် အထောက်အကူပြုနိုင်ပါသည်။ သို့သော် အဖွဲ့အစည်းများသည် အဆိုပါအန္တရာယ်များကို လျော့ချကာနိုင်သတ်နိုင်သော သတင်းအချက်အလက်လုံခြုံရေးသင်တန်းနှင့် ပံ့ပိုးမှုစနစ်များကို ပုံမှန်ရရှိနေမှသာ အကျိုးရှိနိုင်မည်ဖြစ်သည်။ အထူးသဖြင့် CDMer အများအပြားကို အလုပ်ခန့်ထားသောအဖွဲ့အစည်းများ (ဥပမာ Spring University Myanmar) အတွက်အရေးကြီးပါသည်။ သတင်းအချက်အလက် ချိုးဖောက်မှုများသည် အများပြည်သူယုံကြည်မှုကို လျင်မြန်စွာထိခိုက်စေနိုင်ပြီး အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန် စဉ်းစားနေသော CDM သမားများ၏ ယုံကြည်မှုကိုထိခိုက်စေနိုင်ကြောင်း သက်သေသာဓက များစွာ ရှိပြီးဖြစ်သည်။

- **CDMers များနှင့် အလုပ်သမားအရေးဆောင်ရွက်နေသောအဖွဲ့များအကြား အနာဂတ် အစီအစဉ်များအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာကြံရန်ဖြစ်သည်။** အလုပ်သမား အဖွဲ့အစည်းများ၏ မဟာဗျူဟာများမှ CDMers များ သင်ယူနိုင်သည်။ အလုပ်သမားစည်းရုံးရေးမှူးများနှင့် သမဂ္ဂအဖွဲ့ဝင်များသည် အန္တရာယ်များသော်လည်း မြန်မာနိုင်ငံအတွင်းတွင် ဆန္ဒပြမှုများနှင့်သပိတ်များတွင် တက်ကြွစွာပါဝင်လှုပ်ရှားနေကြဆဲဖြစ်သည်။ မြန်မာ့စီးပွားရေးအသိုက်အဝန်းကို ဖိအားပေးနိုင်ရန် CDMers များနှင့်အလုပ်သမားများသည် အချို့သောကုန်စည်ထုတ်လုပ်မှုကို ပူးပေါင်းပြီး ကြိုးကိုင်ခြယ်လှယ်နိုင်သည်။ အထွေထွေသပိတ်ကော်မတီ (GSC) နှင့် လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ (GSC-N) တို့သည် လူထုဆန္ဒပြပွဲများ အထွတ်အထိပ်ရောက်နေသော (၂၀၂၁) ခုနှစ်အစောပိုင်းမှ နှစ်လယ်ပိုင်းအထိကာလအတွင်း ထိုကဲ့သို့လုပ်ဆောင်ရန် ပုံမှန်တောင်းဆိုခဲ့သည်။ ကျွန်ုပ်တို့မေးမြန်းခဲ့သော အလုပ်သမားစည်းရုံးရေးမှူးနှစ်ဦး ကလည်း ပြည်သူ့ဝန်ထမ်း CDMers များနှင့် ပူးပေါင်းရန် စိတ်ဝင်စားနေဆဲဖြစ်ကြောင်းပြောဆိုခဲ့သည်။ ထို့ပြင် CDM အနေဖြင့် အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများ၏ မဟာဗျူဟာအချို့ကဲ့သို့ ယာယီ ကိုယ်စားလှယ်ခေါင်းဆောင် ရွေးချယ်ခြင်းနှင့် CDM အတွင်းနှင့် ၎င်းနှင့်ဆက်စပ်နေသော ပံ့ပိုးကူညီမှု အဖွဲ့များအကြား ခိုင်မာသော အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများဖော်ဆောင်ခြင်းတို့ကို အတုယူအသုံးချနိုင် ပါသည်။ ဤသို့သော အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာများအသုံးချခြင်းဖြင့် CDM တွင် ပါဝင်ရန်ငြင်းဆိုနေသည့် အဆင့်မြင့်ဌာနဆိုင်ရာ ဝန်ထမ်းများကြောင့်ဖြစ်ပေါ်လာသော ပြဿနာများကိုဖြေရှင်းရာတွင် အထောက်အကူဖြစ်စေနိုင်သည်။ ၎င်းတို့သည် CDM အတွင်းရှိ အချို့သောကွဲပြားမှုများကို ပေါင်းကူးပေးရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

## တပ်မတော်ဘက်ပြောင်းလာမှုကို အားပေးပြီး တပ်မတော်ကို အားနည်းစေတယ်

NUG သည် အကြမ်းမဖက်တော်လှန်ရေးများအောင်မြင်မှုအတွက် အရေးပါကြောင်း သုတေသနများက ညွှန်းဆိုသောဗျူဟာတစ်ခုဖြစ်သည့် စစ်တပ်မှဘက်ပြောင်းလာမှုကို ဦးစားပေးနေပါသည်။ Chenoweth နှင့် Stephan (2008) အဆိုအရ အစိုးရအပြောင်းအလဲ သို့မဟုတ် သိသာသော နိုင်ငံရေးအရ လိုက်လျောမှုများ

ဖြစ်လာစေနိုင်သော အထင်ရှားဆုံးညွှန်ပြချက်တစ်ခုမှာ တော်လှန်ရေးလှုပ်ရှားမှုက လုံခြုံရေးတပ်ဖွဲ့ဝင်များ ဘက်ပြောင်းလာစေရန် လုပ်ဆောင်နိုင်သောစွမ်းရည်ဖြစ်သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ဘက်ပြောင်းမှုက အစိုးရကချုပ်ကိုင်ထားသော အင်အားချိန်ခွင်လျှာကို နည်းလမ်းပေါင်းစုံဖြင့် ပြောင်းလဲစေနိုင်သည်မှာ ထင်ရှားပါသည်။ အလုံးအရင်းဖြင့် လုံခြုံရေးကဏ္ဍဘက်ပြောင်းခြင်းက စစ်တပ်အတွင်း အက်ကြောင်းများ ဖြစ်စေနိုင်သည်။ ၎င်းတို့အနေဖြင့် PDFs နှင့် ERO များအား ခုခံနိုင်စွမ်းနည်းလာမည်ဖြစ်ပြီး အာဏာကို ကျယ်ကျယ်ပြန့်ပြန့်ဆုပ်ကိုင်ထားနိုင်စွမ်းရှိတော့မည် မဟုတ်ပေ။

- **ပြည်သူ့ပန်းတိုင်နှင့် ပြည်သူ့ရင်ခွင်ကို ပံ့ပိုးပါ။** မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီလိုလားသူများအတွက် ၎င်းတို့ကိုပံ့ပိုးပေးခြင်းဆိုသည်မှာ ဘက်ပြောင်းလာသူများအတွက် ရန်ပုံငွေရှာဖွေခြင်း၊ တပ်အတွင်းရှိ မိသားစုဝင်များနှင့် တိတ်တဆိတ်ချိတ်ဆက်ပြောဆိုခြင်းဖြစ်နိုင်သည်။ အလှူရှင်များနှင့် နိုင်ငံပြင်ပရှိ အထူးသဖြင့် နိုင်ငံခြားအစိုးရများအတွက်မူ ပြည်သူ့ပန်းတိုင်နှင့် ပြည်သူ့ရင်ခွင်ကို နည်းပညာပံ့ပိုးပေးခြင်းက စစ်တပ်မှ တပ်ဖွဲ့ဝင်အများအပြားဆွဲထုတ်ရန်၊ ဒီမိုကရေစီနှင့်တော်လှန်ရေးလှုပ်ရှားမှုထဲသို့ တပ်ဖွဲ့ဝင် အများအပြား ဝင်ရောက်လာစေရန် ဆောင်ရွက်သင့်သောနည်းလမ်းဖြစ်သည်။ အထူးသဖြင့် ပြည်သူ့ပန်းတိုင် သည် ဝါဒဖြန့်ချိရေးနှင့် လူမှုကွန်ယက်မှ ဈေးကွက်ရှာဖွေရေးပြုလုပ်နိုင်ရန် ကျွမ်းကျင်သူများအတွက် နည်းပညာအကူအညီများလိုအပ်ကြောင်း လူသိရှင်ကြားတောင်းဆိုထားသည်။ ကျွန်ုပ်တို့၏ သုတေသနအရ လည်း ဘက်ပြောင်းလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဖွဲ့အစည်းစွဲထက် ၎င်းတို့၏ ကျင့်ဝတ်ဆိုင်ရာ ကတိကဝတ်များကြောင့် အထက်ဖော်ပြပါလုပ်ငန်းများကို လုပ်ဆောင်လိုစိတ်ပိုမိုရှိနိုင်သည်ကိုတွေ့ရသည်။ ဤအချက်ကိုအသုံးပြု၍ ဘက်ပြောင်းလာနိုင်ချေရှိသူများကို ပစ်မှတ်ထားနိုင်မည်ဖြစ်သည်။

- **လက်နက်မဲ့ဖြစ်စေ၊ လက်နက်ဖြင့်ဖြစ်စေ ဘက်ပြောင်းလာသူများပါဝင်နိုင်မည့်အခန်းကဏ္ဍများကို ရှင်းလင်းပြီးအပြုသဘောဆောင်စွာ ဖော်ဆောင်ရန်ဖြစ်သည်။** လစာများကဲ့သို့ ရုပ်ဝတ္ထုဆိုင်ရာ စိုးရိမ်မှုများ အပြင် CDMers များ ရင်ဆိုင်နေရသော အကြီးမားဆုံးပြဿနာမှာ စိတ်ပျက်အားငယ်ခြင်းနှင့် မိမိကိုယ်ကို အသုံးမဝင်ဟု ခံစားရခြင်းတို့ဖြစ်သည်။ ကျန်းမာရေးနှင့်ပညာရေးဌာနများမှ CDMers များအတွက် အဆိုပါ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းလုပ်ဆောင်မှုများ ရှိနှင့်ပြီးဖြစ်သော်လည်း ဘက်ပြောင်းလာ သူများအတွက်မူ လောက်လောက်လျားလျားမရှိသေးပါ။ ဘက်ပြောင်းလာသူများသည် PDFs များအတွက် သင်တန်းဆရာများနှင့် စစ်ဘက်ဆိုင်ရာ အကြံပေးများအဖြစ် အရေးကြီးသောအခန်းကဏ္ဍများတွင် ပါဝင် နေကြပြီးဖြစ်သည်။ သို့သော် PDF များသည် ဘက်ပြောင်းလာသူများကို ဒလန်များအဖြစ်မြင်နိုင်သည်။ ကျင့်ဝတ်ဆိုင်ရာအကြောင်းပြချက်ကြောင့် ဘက်ပြောင်းလာသူများသည် အကြမ်းဖက်မှုကိုရှောင်လွှဲလိုသည့် ဆန္ဒလည်း ရှိနိုင်သည်။ ထိုအခြေအနေတွင် ဘက်ပြောင်းလာသူများ၏ အခြားစွမ်းရည်များကို အသုံးချရန် လိုပါသည်။ စစ်သားအများအပြားသည် ထောက်ပံ့ပို့ဆောင်ရေးနှင့် စီမံကိန်းရေးဆွဲခြင်းတွင် အခြေခံ စွမ်းရည်များရှိကြပါသည်။ အဆိုပါ စွမ်းရည်များအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဖြန့်ဝေပေးရာတွင် အသုံးချနိုင်ပါသည်။ ၎င်းတို့အားပေးအပ်ထားသော အခန်းကဏ္ဍများသည် အလုပ်၏ အရေးပါ အရာရောက်မှုနှင့် ဘက်ပြောင်းလာသူအပေါ် ယုံကြည်နိုင်မှုအတိုင်းအတာအပေါ် မူတည်၍ ချိန်ညှိသွားရန်ဖြစ်ပါသည်။ CDM တွင် အတွင်းစည်းထဲ စိမ့်ဝင်နိုင်ချေအန္တရာယ် အစဉ်အမြဲရှိနေပြီး စစ်တပ် CDMers များဆိုလျှင်မူ အန္တရာယ်မှာ နှစ်ဆတိုးနိုင်ပါသည်။

- **လုံခြုံရေးဝန်ထမ်းများ၏ ကျင့်ဝတ်နှင့်တန်ဖိုးများကို ဝါဒဖြန့်ချိရေးလမ်းကြောင်းများနှင့် နောက်ကွယ်လမ်းကြောင်းများအသုံးပြု၍ တိုက်တွန်းနှိုးဆော်ရန်ဖြစ်သည်။** ကျွန်ုပ်တို့၏ တွေ့ရှိချက်တွင် ဖော်ပြထားသည့်အတိုင်း လုံခြုံရေးဝန်ထမ်းများသည် ၎င်းတို့၏ ပြောင်းလဲသွားသော ကျင့်ဝတ် (သို့) တန်ဖိုးထားမှုများ (သို့မဟုတ် နားလည်သဘောပေါက်မှုအသစ်များ) ကြောင့် CDM တွင် ပါဝင်လာကြသည်

ကို တွေ့ရသည်။ ပြည်သူ့ဝန်ထမ်း CDM တွင် အလုပ်ဖြစ်ခဲ့သော လူမှုရေးဆိုင်ရာဖိအားများသည် အမိန့်နာခံမှုကို အတင်းအကျပ်ရိုက်သွင်းထားသော တပ်အတွင်းမှ တပ်ဖွဲ့ဝင်များအတွက် သက်ရောက်မှု ရှိချင်မှရှိပါလိမ့်မည်။ နိုင်ငံခြားအစိုးရများအနေဖြင့် NUG နှင့် အထူးသဖြင့် CDM ကို ထိထိရောက်ရောက်ကူညီပေးနိုင်သည့် နည်းလမ်းတစ်ခုမှာ စစ်သားများအား ၎င်းတို့၏ကျင့်ဝတ်နှင့် တန်ဖိုးများကိုသိရှိလာပြီး ဘက်ပြောင်းလာရေး အတွက် ဝါဒဖြန့်လှုံ့ဆော်မှုအစီအစဥ်များကို ထောက်ပံ့ခြင်းဖြစ်သည်။

- **လက်နက်ကိုင်တပ်ဖွဲ့များအတွင်း အက်ကြောင်းများ ဖန်တီးရန်ဖြစ်သည်။** စစ်ကောင်စီသည် ရဲတပ်ဖွဲ့အား ၎င်း၏တိုက်ရိုက်ထိန်းချုပ်မှုအောက်သို့ ပိုမိုရောက်ရှိအောင် လုပ်ဆောင်ခဲ့သော်လည်း စစ်တပ်၏အစိတ်အပိုင်းများစွာကို အားနည်းသွားစေရန် ပြုလုပ်နိုင်သေးသည်။ ၎င်းသည် ဂန္ထဝင်တော်လှန်ရေးဗျူဟာ တစ်ခုဖြစ်ပြီး အောင်မြင်သောစစ်ဆန့်ကျင်ရေးတော်လှန်ရေးများ (ဖိလစ်ပိုင်တွင်အထင်ရှားဆုံး) တွင် အဓိက အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ ဥပမာအားဖြင့် CDMers များသည် မြန်မာပြည်အလယ်ပိုင်းရှိ ပြောက်ကျား စစ်ပွဲများကို ရင်ဆိုင်နေရသော ရဲတပ်ရင်းများကို ပါဝင်တိုက်ခိုက်ခြင်းမပြုရန် စည်းရုံးနိုင်သည်။ CDMers များ သည် သတ်မှတ်ထားသောဒေသများရှိ ရဲ သို့မဟုတ် စစ်ဘက်ဆိုင်ရာ ယူနစ်များကို ထိုးဖောက်ဝင်ရောက်ရန် အာရုံစိုက်နိုင်သည်။ စစ်တပ်အတွင်းတွင် သဘောထားကွဲလွဲမှုများလာလေလေ စစ်တပ်သည် အားနည်းလာလေလေပင်ဖြစ်သည်။
- **ထို့အပြင် အဆင့်မြင့်အရာရှိများကိုလည်း သပိတ်တွင်ပါဝင်လာစေရန် ဦးစားပေးဆောင်ရွက်ပါ။** ရာထူးကြီးသော CDMers များနည်းပါးခြင်းက ရာထူးငယ်သော CDMers များကို ၎င်းတို့၏ အထက်လူကြီးများက စွန့်ပယ်လိုက်ပြီဟုခံစားစေပါသည်။ NUG ၏ လုပ်ဖော်ကိုင်ဖက်ဟောင်းအများအပြားသည် စစ်ကောင်စီထိန်းချုပ်ထားသောယန္တရားများအတွင်း အဆင့်မြင့်ရာထူးများတွင် ဆက်လက်လုပ်ကိုင်နေကြဆဲ ဖြစ်သည်။ အကယ်၍ အဆိုပါအဆင့်မြင့်ဗျူရိုကရက်များ (သို့) စစ်ဘက်အရာရှိအချို့အား ၎င်းတို့၏ ရာထူးမှ နုတ်ထွက်ရန် ဆွဲဆောင်နိုင်ပါက CDM လှုပ်ရှားမှုအတွက် စိတ်အားထက်သန်မှုများကို ပြန်လည်သစ်လွင်စေပြီး ၎င်းတို့၏ရုန်းကန်မှုသည် အလဟဿ မဖြစ်သွားကြောင်း ဖော်ပြရာရောက်ပါသည်။ ထိုသို့လုပ်ဆောင်ရန် အထိရောက်ဆုံးနည်းလမ်းမှာ NUG အဖွဲ့ဝင်များက ၎င်းတို့၏ စစ်ဘက်နှင့်အရပ်ဘက် လုပ်ဖော်ကိုင်ဖက် ဟောင်းများကို တိုက်ရိုက်ဖိအားပေးရန်ဖြစ်သည်။ ယင်းနဲ့ဆက်စပ်၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ အရေးကြီးသောအခန်းကဏ္ဍကို နောက်အပိုဒ်ခွဲတွင်ဖော်ပြထားသည်။ ဥပမာအားဖြင့် ဩစတြေးလျ နိုင်ငံသည် (CDM ပြုလုပ်သော) စစ်သားဟောင်းများကို ခိုလှုံခွင့်ပေးခြင်းဖြင့် စစ်သားများအား ဘက်ပြောင်း လာစေရန် တွန်းအားပေးသည့်အစီအစဉ်တစ်ခုကိုစတင်ခဲ့သည်။ သပိတ်ပါဝင်သူအရေးအတွက် များပြားခြင်း နှင့် ပြည်ပနိုင်ငံများ၏အကန့်အသတ်ဖြင့်သာ ခိုလှုံခွင့်ပေးနိုင်ခြင်းတို့ကြောင့် စစ်သားများနှင့် ဗျူရိုကရက်တိုင်းအတွက် အလုပ်မဖြစ်နိုင်သော်လည်းဘဲ ဩစတြေးလျကဲ့သို့သောအစီအစဥ်များသည် ရာထူးကြီးသူများကို ပစ်မှတ်ထားနိုင်ပါသည်။ ၎င်းတို့၏ ဘက်ပြောင်းမှုက CDMers များ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်သကဲ့သို့ ဘက်ပြောင်းမှုအသစ်များဖြစ်ပေါ်လာစေရန် တွန်းအားပေးနိုင်ပါသည်။

## နိုင်ငံခြားအစိုးရများနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း

NUG နှင့် ၎င်းနှင့်ချိတ်ဆက်လုပ်ဆောင်နေသော CDMers များသည် ခက်ခဲသောအခြေအနေတွင် ရှိနေပါသည်။ မြန်မာနိုင်ငံ၏တရားဝင်အစိုးရကို ကိုယ်စားပြုထားသော်လည်းဘဲ နိုင်ငံခြားအစိုးရများ၏ အကူအညီကိုရယူခြင်း (သို့) နိုင်ငံတကာအဖွဲ့အစည်းကြီးများနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ခြင်း မပြုနိုင် သေးပေ။ ချက်နှင့် ဩစတြေးလျကဲ့သို့ နိုင်ငံခြားအစိုးရအချို့သည် NUG ကို အတိုင်းအတာတစ်ခုအထိ တရားဝင်မှုပေးနိုင်သော နိုင်ငံခြားရေးမူဝါဒများကို ကျင့်သုံးနေပါသည်။ အဆိုပါ အဆင့်များသည် အရေးကြီး သော်လည်း NUG သည်

အဝေးရောက်အစိုးရကဲ့သို့ဖြစ်နေသ၍ နိုင်ငံခြားအစိုးရများနှင့် CDMers များသည် လှုပ်ရှားမှုကို အားကောင်းစေမည့် အစားထိုးအစီအစဉ်များကို စဉ်းစားရန်လိုအပ်ပါသည်။ CDMers များသည် CDM တွင်ပါဝင်ပြီးနောက် သက်ဆိုင်ရာဌာနများမှ အလုပ်ရပ်စဲသည့်စာများ (သို့မဟုတ် အငြိမ်းစားပေးသည့် စာများ) ကို လက်ခံရရှိပါက အလုပ်အကိုင်ရှာဖွေရာတွင်သော်လည်းကောင်း၊ နိုင်ငံခြားသို့ထွက်ခွာရာတွင် သော်လည်းကောင်း အခက်အခဲ ပိုမိုနည်းပါးသည်ကို တွေ့ရသည်။ INGO/NGO များသည် CDM များကို အချိန်ပြည့်ဝန်ထမ်းများအဖြစ် ခန့်အပ်လိုခြင်းမရှိနိုင်သော်လည်းဘဲ စစ်ကောင်စီ၏ စောင့်ကြည့် အရေးယူခြင်းမှ ရှောင်လွှဲနိုင်ရန်အတွက် ၎င်းတို့ကို အဖွဲ့၏တရားဝင်ဖွဲ့စည်းပုံများမှ ဖယ်ထုတ်ထားပြီး အချိန်ပိုင်းဖြစ်စေ (သို့) လစာပေး စေတနာ့ဝန်ထမ်းများ အဖြစ်ခန့်အပ်နိုင်ပါသည်။ ကျွန်ုပ်တို့မေးမြန်းခဲ့သော အင်န်ဂျီအိုအဖွဲ့တစ်ခုက ၎င်းတို့အနေဖြင့် အလုပ်ခေါ်ယူရာတွင် CDM ဝန်ထမ်းများကို ဦးစားပေးခေါ်ယူခဲ့ပြီး ငါးဦးကို ခန့်အပ်ထားကြောင်းပြောဆိုခဲ့သည်။ CDMers များ ဦးဆောင်နေသော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများအတွက် အကြံပြုချက်နှစ်ရပ်မှာ -

- **CDMers များ ဦးဆောင်နေအဖွဲ့အစည်းများသည် ၎င်းတို့ကိုယ်ကို NGO များအဖြစ် ပြောင်းလဲ ဖွဲ့စည်းခြင်းဖြင့် နိုင်ငံခြားအကူအညီရန်ပုံငွေများ ရရှိနိုင်ချေ ရှိ၊ မရှိ ဖြစ်နိုင်ချေများကို စူးစမ်းလေ့လာသင့်သည်။** အလှူရှင်များအဖွဲ့အစည်းများထံမှ တိုက်ရိုက်ရန်ပုံငွေရရှိရန် NUG သည် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရ သဖြင့် CDMers များအနေဖြင့် ၎င်းတို့၏အဖွဲ့အစည်းများကို NGO သို့မဟုတ် CSO များ အဖြစ် ပြောင်းလဲခြင်းဖြင့် NUG နှင့် (တရားဝင်) ခပ်ခွာခွာနေသည့် နည်းလမ်းဖြစ်သည်။ CDMers များသည် ကျွမ်းကျင်လုပ်သားများဖြစ်ပြီး အရင်းအမြစ်များနှင့်ပံ့ပိုးမှုများ လုံလုံလောက်လောက်ရရှိပါက ဖွံ့ဖြိုးရေး အစီအစဉ်များကို လုပ်ဆောင်နိုင်စွမ်းရှိသည်။ CDMers များသည် အလုပ်အကိုင်များ လိုအပ်နေသည်။ အဆိုပါအလုပ်များသည် ၎င်းတို့၏ ကျွမ်းကျင်မှုများနှင့် သက်ဆိုင်သောအလုပ်များ ဖြစ်သင့်ပါသည်။

- **နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွင်းရှိ ၎င်းတို့၏ မိတ်ဖက် အဖွဲ့အစည်းများနှင့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားသင့်ပြီး အများစုမှာ CDMers များကို အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါသည်။** ဤအခြေအနေတွင် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့များ နှင့် အစိုးရအကူအညီပေးရေးအဖွဲ့များသည် အမှန်တကယ်လူထုအခြေပြုနှင့် လူထု အကျိုးပြု အဖွဲ့အစည်းများကို ဦးစားပေးခြင်းကအကောင်းဆုံးဖြစ်ပေလိမ့်မည်။ အဆိုပါအဖွဲ့အစည်း မျိုးသည် CDMers များအား အလိုအပ်ဆုံးဖြစ်သည့်နယ်ပယ်များကို အကျိုးဖြစ်စေမည့်ပရောဂျက် များအား လုပ်ဆောင်နေဖွယ်ရှိပါသည်။ အများစုသည် CDMers များနှင့် လက်တွဲပြီး ကျန်းမာရေး၊ ပညာရေး (သို့) အခြားသောအစိုးရဝန်ဆောင်မှုများ၏ ကွက်လပ်များကိုဖြည့်ဆည်းရန် ဆောင်ရွက် နေပြီးဖြစ်နိုင်ပါသည်။ ဥပမာတစ်ခုအနေဖြင့် ထိုင်း-မြန်မာနယ်စပ်တွင် အခြေစိုက်သည့် ဒေသတွင်း NGO ဖြစ်သည့် နယ်လှည့် ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့ (Backpack Health Worker Team - BPHWT) သည် အမှန်တကယ် လူထုကိုအကျိုးပံ့ပိုးပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကျန်းမာရေး အဖွဲ့အစည်းများ၏ မိတ်ဖက်အဖြစ်သာမက ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်သူများ အား ကျန်းမာရေး စောင့်ရှောက်မှုများပေးနေပါသည်။ အာဏာသိမ်းပြီးကတည်းက BPHWT သည် CDM လှုပ်ရှားမှု အကျိုးဆက်ဖြင့် အစိုးရဆေးဘက်ဆိုင်ရာ ဌာနများပိတ်သိမ်းပြီးနောက် ထိခိုက် ခံစားရသောပြည်သူများ နှင့် PDFs (သို့) အခြားသောအစုအဖွဲ့များ၏ ထိန်းချုပ်နယ်မြေများသို့ ဝင် ရောက်ပြီး စေတနာ့ဝန်ထမ်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးနေပါသည်။ BPHWT ကဲ့သို့သော အဖွဲ့အစည်းများအတွက် နည်းပါးသောလှူဒါန်းမှုများသည်ပင်လျှင် ကြီးမားသော အကျိုးကျေးဇူးများ ဖြစ်ထွန်းနိုင်ပြီး CDMers များနှင့် အာဏာသိမ်းမှုဒဏ်ခံရသော အခြားသူများ အတွက် စိတ်အား ထက်သန်မှုများကို ဖန်တီးပေးနိုင်ပါသည်။

## နည်းစနစ်အသစ် - ထိန်းချုပ်မရသောဗျူရိုကရေစီ ဖန်တီးခြင်း

ဤစာတမ်း၏ နိဒါန်းပိုင်း ခေါင်းစဥ်ခွဲ "မြန်မာနိုင်ငံ၏ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုအား အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း" တွင် ဖော်ပြထားသည့်အတိုင်း "အာဏာဖီဆန်မှု" ဟူသော အယူအဆသည် မြန်မာနိုင်ငံတွင် ပြည်သူ့ ဝန်ထမ်းများသပိတ်နှင့် အဓိပ္ပါယ်တူနေပါသည်။ သို့သော်လည်း အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် သပိတ်သာမက နည်းစနစ်မြောက်များစွာပါဝင်သည်။ အချို့သော နည်းစနစ်များသည် ပြည်သူ့ဝန်ထမ်းများကပင်လျှင် အလွယ်တကူအသုံးချနိုင်သည်။ Michael Beer နှင့် Gene Sharp (1978) တို့ ရေးသားထားသည့် http://tactics.nonviolenceinternational.net နှင့် Center for Applied Nonviolent Action and Strategies (CANVAS—see also Popovic 2007, ကိုးကားတွင် ဖော်ပြထားသည်) တို့သည် အသုံးဝင်သော အရင်းအမြစ်နှစ်ခုဖြစ်သည်။

အရေးကြီးသည်မှာ ဖော်ပြပါနည်းစနစ်များသည် ရှေ့ဆက်သွားမည့် CDM လှုပ်ရှားမှု၏ ပုံမှန်အစိတ်အပိုင်းတစ်ခုဖြစ်လာနိုင်ပါက CDM မဟုတ်သော ပြည်သူ့ဝန်ထမ်းများနှင့် တက်ကြွသော CDMers များအကြားရှိ ကွဲပြားမှုအချို့ကို ကုစားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုတွင် တာဝန်ထမ်းဆောင်ဆဲပြည်သူ့ဝန်ထမ်းမည်သူမဆို  CDM ၏ လျှို့ဝှက်မဟာမိတ်ဖြစ်နိုင်သည်ဟူသော အမြင်ကို ပြသနိုင်ပါက  လူမှုပြစ်ဒဏ်ပေးရေးလှုပ်ရှားမှုကို ပြုလုပ်ရန်လိုအပ်တော့မည်မဟုတ်ပေ။ လူမှုရေး ပြစ်ဒဏ်ပေးခြင်းထက် အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုတွင် တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများအား အောက်တွင်ဖော်ပြထားသော အကြမ်းမဖက်နည်းစနစ်များတွင် ပါဝင်လာရန် ဖိအားပေးနိုင်သည်။

- **သတင်းပေါက်ကြားစေမှုများသည် "CDM မဟုတ်သော" ပြည်သူ့ဝန်ထမ်းများအတွက် (အတော် အသင့်) အလောင်းအကြေးနည်း၍ စစ်တပ်ကိုထိခိုက်စေပြီး ကွဲပြားမှုများကို ကုစားစေနိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။** "လူမှုရေးပြစ်ဒဏ်" ကဲ့သို့သော နည်းပရိယာယ်များ ပေါ်ပေါက်လာခြင်းသည် CDMers များနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများအကြားတွင် အဆိပ်အတောက်ဖြစ်စေသော "ရန်-ငါ" အခြေအနေကို ဖန်တီးပေးခဲ့သည်။ အကယ်၍ CDM မဟုတ်သော ပြည်သူ့ဝန်ထမ်းများအား သတင်း ပေါက်ကြားစေမှုများသည် အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ပါဝင်ရန်နည်းလမ်းအဖြစ် လူသိရှင်ကြားထုတ်ပြန်ပါက လူမှုပြစ်ဒဏ်ပေးခြင်းကဲ့သို့သော လှုံ့ဆော်မှုများမှ ဖြစ်ပေါ်စေခဲ့သော အက်ကြောင်းများကို ပြန်လည်ကုစားစေနိုင်ပါသည်။ CDM မဟုတ်သော ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ သတင်းပေါက်ကြားစေမှုနှင့် ပတ်သက်သောအထောက်အထားများကို ထိန်းသိမ်းထားခြင်းဖြင့် တော်လှန်ရေးအလွန်အစိုးရတွင် "အလုပ်လျှောက်လွှာ" ကဲ့သို့ သက်သေအဖြစ် ပြန်အသုံးပြုနိုင်ရန် တိုက်တွန်းသင့်ပါသည် (ဥပမာအနေဖြင့် CDMers များသည် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်ဟောင်းများကို "သင်သည် ဝန်ကြီးဌာနအတွင်း ဆက်လက်တာဝန်ထမ်းဆောင်ဆဲဖြစ်ပြီး NUG ၏ ပြည်သူ့ ဝန်ဆောင်မှုတွင်လည်း ပါဝင်လိုပါ လက်ရှိအချိန်တွင် သပိတ်တွင်ပါဝင်ရန်မလိုသေးဘဲ CDM ကို လျှို့ဝှက်ပူးပေါင်းပြီး အရေးကြီးသောစာရွက်စာတမ်းကိုပေါက်ကြားစေပါ" ဟူ၍ ပြောဆိုနိုင်သည်။) တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများထံမှ သတင်းအချက်အလက်များ ပေါက်ကြားစေခြင်းကို ပြုလုပ်ခြင်းက ၎င်းတို့အနေဖြင့် စစ်အစိုးရကပေးသော လခများရရှိနေသဖြင့် တော်လှန်ရေးလှုပ်ရှားမှုထံမှ ထောက်ပံ့မှုကို လိုအပ်မည်မဟုတ်ပါ။ CDM ရန်ပုံငွေအကြပ်အတည်းကိုဖြေရှင်းနိုင်မည့် သာဓကတစ်ခုလည်း ဖြစ်သည်။
- **CDMers  များသည် စစ်အစိုးရမတည်မငြိမ်ဖြစ်နေကြောင်း ဝါဒဖြန့်လှုံ့ဆော်မှုများကို လုပ်ဆောင်နိုင်သည်။** ဥပမာအနေဖြင့် ရန်ကုန်နှင့် မန္တလေးရှိ ရဲအရာရှိ (၁၃၀) သည် သတင်းပေးများအဖြစ် လုပ်ကိုင်ရန် သဘောတူပြီးဖြစ်ကြောင်း နေ့စဉ်နှင့်အမျှပိုများလာကြောင်း NUG မှ ကြေငြာနိုင်သည်။ CDM နှင့် NUG တို့သည် အချို့သောပေါက်ကြားမှုများကို သက်သေအဖြစ်အသုံးပြုပြီး မှန်ကန်

ကြောင်း ဖော်ပြရန်ဖြစ်ပါသည်။ သို့သော်အတိုက်အခံအုပ်စုများအကြားတွင် ထိလွယ်ရှလွယ်သော စစ်ကောင်စီ၏ စာရွက်စာတမ်းများ ပျံ့နှံ့နေပြီဖြစ်နိုင်ပါသည်။ သတင်းပေါက်ကြားစေသူများကို ပစ်မှတ်ထားခြင်း (သို့) ဖမ်းဆီးခြင်းမခံရစေရန် အထူးဂရုပြုရမည်ဖြစ်သည်။ အချို့သောဖြစ်ရပ်များတွင် CDMers များ ကိုယ်တိုင်လက်လှမ်းမှီသော အစိုးရအချက်အလက်များ စစ်ကောင်စီကိုအရှက်ရစေရန်အတွက် ထုတ်ပြန်နိုင်ပါသည်။ ဥပမာအနေဖြင့် NUG သည် ၎င်းကို အတွင်းသတင်းပေးနေသော CDM မဟုတ်သူများနှင့်ပြေလည်မှုရရှိပြီဖြစ်ကြောင်း၊ သတင်းပေးများအဖြစ် အလုပ်ခန့်ထားကြောင်း ကြေညာနိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ဝန်ထမ်းအများအပြားသည် CDM တွင် လူသိရှင်ကြားပါဝင်ခြင်းမပြုသော်လည်းဘဲ စစ်အစိုးရက ၎င်း၏ ဗျူရိုကရေစီယန္တရားသည် မတည်မငြိမ်ဖြစ်နေသည်ဟု ထင်မြင်လာစေမည်ဖြစ်သည်။

- **ဝန်ကြီးဌာနတိုင်း၏ ဝန်ထမ်းများသည် စစ်ကောင်စီအတွက်ရည်ရွယ်သောအချက်အလက်များကို ယိုယွင်းစေခြင်း၊ ဖျက်စီးခြင်း (သို့) အတုအယောင်ပြုလုပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။** ပိုမိုတိကျသော ဥပမာတစ်ခုအနေဖြင့် စစ်အစိုးရသည် စစ်တပ်ဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူများ (သို့) CDMers များအား အလုပ်ပြန်ဝင်စေရန် ဖိအားပေးရန် (သို့) အစိုးရဝင်ငွေ ရုတ်တရက်ပြိုလဲသွားခြင်းကြောင့် ၎င်းတို့ထံမှ ငွေညှစ်ရန်အတွက် စာရင်းများကိုပြုစုထားသည်။ ဂန်ကြီးဌာနအတွင်း ကျန်ရှိနေသော အာဏာသိမ်းမှုဆန့်ကျင်သော ပြည်သူ့ဝန်ထမ်းများအနေဖြင့် အဆိုပါစာရင်းများကို အတုအယောင် အမည်များနှင့် လုပ်ကြံဖန်တီးထားသော နိုင်ငံသားစီစစ်ရေးနံပါတ်များဖြင့် အစားထိုးနိုင်သည်။ ထို့အပြင် CDM သမားများ၏အမည်များကို လူသိများသော စစ်သတင်းပေးများဖြင့် အစားထိုးခြင်း (သို့) စာရင်းများကို ဖျောက်ဖျက်ခြင်းတို့ ပြုလုပ်နိုင်သည်။

# ကိုးကားချက်များ


- Abuza, Zachary. 2022. "Funding Myanmar's Spring Revolution." The Diplomat. August 1, 2022. https://thediplomat.com/2022/07/funding-myanmars-spring-revolution/.
- Anonymous, Anonymous. 2021. "The Centrality of the Civil Disobedience Movement (CDM) in Myanmar's Post-Coup Era." Supporting the Rules-Based Order in Southeast Asia (SEARBO). Canberra: The Australian National University.
- BBC Burmese. 2022. "Nearly 150,000 teachers were suspended from their jobs." BBC News မြန်မာ, May 25, 2022. https://www.bbc.com/burmese/burma-57239830.
- "Lessons in Defying the Junta: Parallel Education Systems Emerge." Frontier Myanmar (blog). June 6, 2022. https://www.frontiermyanmar.net/en/lessons-in-defying-the-junta-parallel-education-systems-emerge/.
- Insecurity Insight. 2022. "Violence Against or Obstruction of Health Care in Myanmar." Physicians for Human Rights (blog). May 2022. https://phr.org/our-work/resources/violence-against-health-care-in-myanmar/.
- "Myanmar Healthcare Workers Determined to Strike On!" Accessed October 8, 2022. https://publicservices.international/resources/news/myanmar-healthcare-workers-determined-to-strike-on?id=12189&lang=en.
- Myanmar NOW. 2022. "Mandalay Doctor Believed to Have Been Killed during Interrogation Turns up in Prison." Myanmar NOW. June 2022. https://www.myanmar-now.org/en/news/mandalay-doctor-believed-to-have-been-killed-during-interrogation-turns-up-in-prison.
- Myanmar NOW. "Myanmar Junta to Abolish Six Police Depts, Send Officers to War." Accessed October 11, 2022. https://www.myanmar-now.org/en/news/myanmar-junta-to-abolish-six-police-depts-send-officers-to-war.
- Mizzima Myanmar News and Insight. "Myanmar Junta Calls on CDM Teachers to Return to Work." Accessed October 8, 2022. https://mizzima.com/article/myanmar-junta-calls-cdm-teachers-return-work.
- Nikkei Asia. "Myanmar's Unchecked Epidemic Threatens COVID-19 'Tsunami.'" Accessed October 8, 2022. https://asia.nikkei.com/Spotlight/Myanmar-Crisis/Myanmar-s-unchecked-epidemic-threatens-COVID-19-tsunami.
- RFA Burmese. 2022a. "Myanmar Civil Disobedience Movement 'Losing Steam' amid Junta Crackdowns." Radio Free Asia. April 26, 2022. https://www.rfa.org/english/news/myanmar/cdm-04262022211343.html.
- ———. 2022b. "Dozens of Teachers Killed, Hundreds Arrested by Myanmar Junta for Joining Strike." Radio Free Asia. July 22, 2022. https://www.rfa.

org/english/news/myanmar/teachers-killed-07222022161430.html.

- ———. 2022c. "Activist Teacher Sentenced to Seven Years in a Myanmar Prison." Radio Free Asia. August 30, 2022. https://www.rfa.org/english/news/myanmar/activist-teacher-sentenced-08302022044142.html.

- ———. 2022d. "CDM မှာပါဝင်မှုကြောင့် ပညာရေးဝန်ထမ်း ၂၂၅ ဦး ထိန်းသိမ်းခံထားရ." September 20, 2022. https://www.rfa.org/burmese/program_2/arrested-225-cdm-teachers-09202022042423.html.

- Pineda, Erin R., and Erin R. Pineda. Seeing Like an Activist: Civil Disobedience and the Civil Rights Movement. Oxford University Press, 2021.

- Popovic, Srdja, Slobodan Djinovic, Andrej Milivojevic, Hardy Merriman, and Ivan Marovic. 2007. CANVAS Core Curriculum: A Guide to Effective Nonviolent Struggle. Serbia: Centre for Applied NonViolent Action and Strategies (CANVAS).

- Sharp, Gene. 1973. The Politics of Nonviolent Action. P. Sargent Publisher.

- Stephan, Maria J., and Erica Chenoweth. 2008. "Why Civil Resistance Works: The Strategic Logic of Nonviolent Conflict." International Security 33 (1): 7–44. https://doi.org/10.1162/isec.2008.33.1.7.

- The Diplomat. 2022. "Myanmar's Unfolding Banking Crisis." Accessed October 8, 2022. https://thediplomat.com/2021/05/myanmars-unfolding-banking-crisis/.

- The Irrawaddy. 2021. "2,000 Myanmar Junta Soldiers and Police Join Civil Disobedience Movement." The Irrawaddy, August 23, 2021. https://www.irrawaddy.com/news/burma/2000-myanmar-junta-soldiers-and-police-join-civil-disobedience-movement.html.

- The Times of India. "Mizoram Civil Societies to Keep Vigil in Border Dist to Check Illegal Activities," May 1, 2022. https://timesofindia.indiatimes.com/city/guwahati/mizoram-civil-societies-to-keep-vigil-in-border-dist-to-check-illegal-activities/articleshow/91227654.cms.